# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၅၉)


# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုပြည်ပရေးရာ လုပ်ငန်းကော်မရှင်ရုံးညွှန်ကြားရေးမှူး မစ္စတာ ရန်ကျဲ့ချီ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ လုရှင်းရှဲ့၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာလျိုကျိုးဟွေ့၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလီချန်းကန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးယာယီတာဝန်ခံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုပြည်ပရေးရာ လုပ်ငန်းကော်မရှင်ရုံး ညွှန်ကြားရေးမှူး မစ္စတာ ရန်ကျဲ့ချီက အဖွင့်အမှာစကားပြောကြားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**“ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်” ဟာ လွတ်လပ်ပြီး အားလုံးပါဝင်၍ စည်းမျဉ်းကို အခြေခံတဲ့ နိုင်ငံတကာကုန်သွယ်ရေးပတ်ဝန်းကျင်အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်**

---

### အညာသားလေးရဲ့ လွမ်းပုံပြင်

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး

စာ » ၆ - ၇



### အဓိပတိ လမ်းမှသည် . . .

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး

စာ » ၈ - ၉

### ယခုနှစ် နိုဘယ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အွန်လိုင်းမှ တစ်ဆင့် ကျင်းပမည်

စာ » ၁၂




**သမ္မတ** နိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်မိသားစုမှ ဆုတောင်းမေတ္တာပို့သလွှာ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ တိန်ပြင်စံပြကျေးရွာ၌ ဗဟုဇနဟိတကာရီ လိုဏ်ဂူနှစ်ထပ် စေတီတော်မြတ်ကြီးကို ငွေကျပ်သိန်းပေါင်း နှစ်သောင်းခန့်အကုန်ကျခံ၍ လှူဒါန်းတည်ဆောက်နိုင်ခဲ့ပြီးပါပြီ။ ဤကုသိုလ် အစွမ်းကြောင့် ကမ္ဘာသူကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးတို့သည်ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် ဤယနေ့မှစ၍ COVID-19 ကမ္ဘာကပ်ရောဂါဘေးဆိုးကြီးမှ အလျင်အမြန်ပျောက်ကင်းနိုင်ကြပါစေ။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် + အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ ( သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက် )

မြန်မာ့အလင်း

# ဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံအေးချမ်းမှု

တိုးတက်ဖွံ့ဖြိုးမှုကို နိုင်ငံသားတိုင်း မျှော်လင့်တောင့်တကြသည်သာချည်း။ သို့သော်လည်း နိုင်ငံသားတို့၏ အလိုလားဆုံးဆုဆိုလျှင်မူ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းလုံခြုံစွာ အေးအေးသာယာနေလိုခြင်းက ဦးစားပေးပဲဖြစ်မည်ဟု ထင်ပါသည်။ ထိုလိုလားချက်ရရှိအောင်မြင်နိုင်ဖို့အတွက် အရေးကြီးဆုံးသော အကြောင်းတစ်ရပ်မှာ ဥပဒေစိုးမိုးမှုဖြစ်သည်ဟု ဆိုချင်ပါသည်။

လမ်းများပေါ်က အများအပြားတွေ့မြင်ရသော စည်းမဲ့ကမ်းမဲ့ကားများ၊ ဧရိယာအကျယ်အဝန်းအရ မိသားစုတစ်စုပင် မလုံလောက်သော အကျယ်အဝန်းတွင် မယုံကြည်နိုင်လောက်အောင်များပြားသောလူအစုအဝေးတို့ နေထိုင်ကြသည်များ၊ ပတ်ဝန်းကျင်တစ်ခုလုံးကို အနှောင့်အယှက်ဖြစ်လောက်အောင် ဆူညံပွက်လောရိုက်နေသော အသံချဲ့စက်နှင့် လော်စပီကာအသံများ၊ အများပိုင်နေရာများပေါ်တွင် ပရမ်းပတာချဲ့ထွင်ကျူးကျော် စိတ်တိုင်းကျနေရာယူ တည်ဆောက်အထိုင်ချထားသည်များ။

လမ်းပေါ်သွားလာနေသော အများသုံး ဘတ်စ်ကားများပေါ်စီးနင်းနေရသော အမျိုးကောင်းသမီးတို့ကို နှုတ်ဆော့ လက်ဆော့ပြုနေသည်များ၊ ရပ်ထဲရွာထဲ မူးယစ်ရမ်းကား ဆူပူသောင်းကျန်းနေမှုများ၊ လက်ရဲဇက်ရဲ ရိုက်ဟယ်နှက်ဟယ်၊ ခိုးဟယ် ဝှက်ဟယ်တို့ကို လွယ်လင့်တကူ ကျူးလွန်နေကြသည်များ။

အထက်ဖော်ပြပါ နိစ္စဓူဝလိုလို ကြုံတွေ့နေရသည်တို့ကအစ တရားခံ ရှာမတွေ့နိုင်သေးသည့် သူတစ်ပါးအိမ်တွင်းသို့ဝင်ကာ မိသားစုတစ်ခုလုံးကို သတ်ဖြတ်သွားမှုများ၊ စည်ကားသိုက်မြိုက်ရာ လူမြင်ကွင်းအလယ်တွင် သွေးအေးအေးဖြင့် လုပ်ကြံသွားမှုများ၊ ကွန်တိန်နာကားနှင့် အားရပါးရ တင်ဆောင်လာသော ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါး သယ်ယူဖောက်ကားမှုများထိ စိုးထိတ်ဖွယ် ဒုစရိုက်မှုများ။

ထိုထိုသော အားလုံးက ဥပဒေစည်းမျဉ်းဆိုသည့်ဘောင်ကို ကျော်နေသည်ချည်း။ အထက်ဖော်ပြပါတို့မှာ နိုင်ငံတွင်းဖြစ်ပျက်နေသည်တို့ထဲက အချို့သောကိစ္စတို့ကို ကောက်နုတ်ကာ ဥပမာပြု တင်ပြလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

မည်သို့ဖြစ်စေ၊ ထိုအားလုံးသည် မြန်မာနိုင်ငံတွင်း၌ ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ ဖြစ်နေ၏။ သို့မဟုတ် အထူးတလည်ပြောနေရမည့် အကြောင်းအရာမဟုတ်တော့သလို ဖြစ်နေ၏။ အသားကျသည်ဟု ဆိုဆို၊ ခေါက်ရိုးကျနေသည်ဟုပြောပြော၊ သည်လိုကိစ္စမျိုးသည် အထူးအဆန်းမဟုတ်တော့ ဟူသည့် လူမှုဝန်းကျင်ဖြစ်လာသည်နှင့်အမျှ ဥပဒေဟူသည် လူတို့အတွက် အလေးအနက်ထားစရာမဟုတ်တော့သလိုလို။

ဥပဒေရှိပါလျက် ဥပဒေနှင့်ညီအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုနိုင်မှု တာရှည်သွားသည့်အခါ၊ ဥပဒေက အရေးမပါတော့၊ ဘေးသို့ ရောက်သွားရသည့်သဘော ဖြစ်လာလေ့ရှိသည်။ ဥပဒေမဲ့ ကျူးလွန်နေမှုများသည် အထူးအဆန်းမဟုတ်တော့၊ ဥပဒေနှင့်ညီမညီ ဆိုသည်က အရေးမကြီးတော့သကဲ့သို့ ဖြစ်လာတော့သည်။

အကျဉ်းချုပ်ဆိုရပါမူ ဥပဒေစိုးမိုးမှုမရှိသည်မှာ ကြာမြင့်လာသည်နှင့်အမျှ မင်းမဲ့စရိုက်တို့ အားကောင်းကျယ်ပြန့်လာလိမ့်မည်ဟု စိုးရိမ်ပူပန်စရာ ဖြစ်လာသည်။

ဥပဒေစိုးမိုးမှု လွန်စွာအားနည်းခဲ့ခြင်း၏ အကျိုးဆက်များအဖြစ် ပြည်သူလူထုက တရားရုံးများကို အားမကိုးချင်တော့ခြင်း၊ ရဲစခန်းများကို တိုင်တန်းရမှာ ဝန်လေးလာခြင်း၊ ရဲနှင့်ပတ်သက်ရမည်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်လိုလာခြင်းတို့သည် လူထု၏ ဥပဒေအပေါ် အားကိုးချင်စိတ်နည်းပါးလာစေသလို၊ အခြားတစ်ဖက်တွင် ရာဇဝတ်မှုကို အားပေးရာရောက်လာသည်ကို သတိပြုသင့်ပါသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့အတွက် ဥပဒေစိုးမိုးရေးကို ဖိဖိစီးစီး ကိုင်တွယ်ဖို့ လိုအပ်နေသည်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။




## (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲ (CAEXPO) သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗီဒီယိုမိန့်ခွန်းပေးပို့

နေပြည်တော် နိုဝင်ဘာ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ယနေ့ ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံ - တရုတ် ကုန်စည်ပြပွဲ စားပွဲဝိုင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဗီဒီယိုမိန့်ခွန်း ပေးပို့ခဲ့သည်။



အဆိုပါမိန့်ခွန်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအမံများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

အာဆီယံ - တရုတ်ကုန်စည်ပြပွဲ (CAEXPO) ကို ၂၀၀၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ဆက်နွယ်မှုတိုးမြှင့်ရန်အတွက် အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယင်းဆွေးနွေးပွဲများသည် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန်ရည်ရွယ်သည်။

ယခုနှစ်ပြပွဲ၏ ဆောင်ပုဒ်မှာ "ရပ်ဝန်းနှင့် ပိုးလမ်းမ တည်ဆောက်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာစေရေး" (Building the Belt and Road, Strengthening Digital Economy Cooperation) ဟူ၍ ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် ယခုနှစ် ကုန်စည်ပြပွဲသို့ သွားရောက်ပြသနိုင်ခြင်း မရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေသော မြန်မာလုပ်ငန်းရှင်များက မြန်မာ့ထွက်ကုန် နမူနာပစ္စည်းများကို မြန်မာသံရုံး (ပေကျင်း) နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (နန်နင်း) တို့၏ ပူးပေါင်းကူညီမှုများဖြင့် စုစုပေါင်း ပြခန်း ၂၈ ခန်းအထိ ပါဝင်ပြသလျက်ရှိသည်။

ထို့ပြင် အာဆီယံနိုင်ငံများမှ လုပ်ငန်းများအတွက် အွန်လိုင်းပြပွဲတစ်ရပ်ကိုလည်း တစ်ပြိုက်နက်တည်းခင်းကျင်းထားရှိပြီး မြန်မာနိုင်ငံမှ ကုန်စည်ပြခန်းပေါင်း ၃၆ ခန်း ပါဝင်ပြသထားကာ တစ်နှစ်ပတ်လုံး ပြသပေးသွားမည်ဖြစ်သည်။

ယခုနှစ် ကျင်းပသည့် ကုန်စည်ပြပွဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်းစဉ်**




## ကုလသမဂ္ဂအဖွဲ့အစည်း တည်ထောင်သည့် (၇၅) နှစ်ပြည့် အထိမ်းအမှတ် (UN 75) Logo ပါ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၅) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် (UN 75) Logo ပါ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) (၁)မျိုးအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဒီဇင်ဘာ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၂ ရက် (အင်္ဂါနေ့)၊ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

◆ *ရှေ့ဖုံးမှ*

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ သမ္မတ ရှီကျင့်ဖျင်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လာအိုဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်၊ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၊ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုံ၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံအဖြစ် ဖိတ်ကြားထားသည့် ပါကစ္စတန်သမ္မတ ဒေါက်တာအာရစ်အယ်လ်ဗီ နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတို လင်ကျောက်ဟွာတို့က ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊**
**အဆွေတော် သမ္မတကြီး ရှီကျင့်ဖျင်**
**အခမ်းအနားသို့တက်ရောက်လာကြတဲ့ အဆွေတော်များနဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား၊**

(၁၇)ကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားမှာ မိမိအနေနဲ့ မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

ယနေ့ကမ္ဘာကြီးမှာ လူနေမှုပုံစံကို အပြောင်းအလဲများစွာဖြစ်စေတဲ့ COVID-19 ကြောင့် ကျန်းမာရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့လည်း စိန်ခေါ်မှုများစွာကြားက (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ယခုနှစ်မှာ အောင်မြင်စွာ စီစဉ်ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

မိမိတို့အနေနဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်သူများအကြား ကူးလူးဆက်သွယ်မှုတို့မှတစ်ဆင့် အာဆီယံ-တရုတ်မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်မယ့် နည်းလမ်းများကိုရှာဖွေရာမှာ ယခုကျင်းပတဲ့ (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဟာ အရေးပါတဲ့ နေရာတစ်ခုအဖြစ် ဆက်လက် တည်ရှိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

မိမိတို့အနေနဲ့ ၂၀၂၀ ပြည့်နှစ်ကို "အာဆီယံ- တရုတ် ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ်" အဖြစ် သတ်မှတ်ထားတာဖြစ်တဲ့အတွက် (၁၇)ကြိမ်မြောက် တရုတ်- အာဆီယံကုန်စည်ပြပွဲနဲ့ တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"ဒစ်ဂျစ်တယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေဖို့ ရပ်ဝန်းနှင့် ပိုးလမ်းမ ထူထောင်စို့"** ဟာ အချိန်ကိုက်ဖြစ်ပြီး အလွန်လျော်ကန်သင့်မြတ်မှုရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါကို မိမိတို့အားလုံး ရင်ဆိုင်နေရတဲ့ အချိန်မှာ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စတော့ရှယ်ယာဈေးကွက်နဲ့ အခြားသော စီးပွားရေးလုပ်ငန်းတွေမှာ ဒစ်ဂျစ်တယ် နည်းပညာကို ပိုမိုမှီခို အားထားနေရတာ ဖြစ်တဲ့အတွက် ဒစ်ဂျစ်တယ်စီးပွားရေးဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ဟာ ဒစ်ဂျစ်တယ် နည်းလမ်းအပါအဝင် နည်းမျိုးစုံနဲ့ ပေါင်းစပ်ဆက်သွယ်ထားပါတယ်။ ဒါပေမဲ့လည်း မိမိတို့အကြားမှာ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမတူညီကြတဲ့အတွက် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံတွေကို တည်ဆောက်ရာမှာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာခြင်းက ပြည်သူများအကြား အင်တာနက်သုံးစွဲနိုင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေမှာဖြစ်တဲ့အတွက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလိမ့်မယ်လို့ မိမိအနေနဲ့ ယုံကြည်ပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အာဆီယံရဲ့ အရေးပါပြီး ယုံကြည်အားထားရတဲ့ မိတ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ အာဆီယံ- တရုတ် မိတ်ဖက်ဆက်ဆံရေးဟာ ကဏ္ဍပေါင်းစုံမှာ ပုံမှန်တိုးတက်လျက်ရှိပြီး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ သာယာဝပြောရေးကို အထောက်အကူပြုလျက်ရှိပါတယ်။

အာဆီယံ- တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို "ဘက်ပေါင်းစုံဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး" သို့ အဆင့်မြှင့်တင်ရေးနဲ့ ၂၀၂၁ ခုနှစ်ကို "အာဆီယံ-တရုတ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးနှစ်" အဖြစ် သတ်မှတ်ရေးကိစ္စရပ်များအပါအဝင် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် တရုတ်နိုင်ငံကအဆိုပြုထားတဲ့ အစီအစဉ်များကို မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။

တရုတ်နိုင်ငံအနေနဲ့ အာဆီယံဦးဆောင်တဲ့ယန္တရားတွေမှာ တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး၊ အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုများနဲ့ အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ကူညီပံ့ပိုးလျက်ရှိတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မိမိအနေနဲ့ အာဆီယံနဲ့ တရုတ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးတက်နေတာကို တွေ့မြင်ရတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အာဆီယံရဲ့ ကုန်သွယ်မှုအများဆုံး မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသလို အာဆီယံမှာ တတိယအများဆုံး လာရောက်ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

အာဆီယံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ (၅၀၇ . ၉) ဘီလီယံရှိပြီး၊ အာဆီယံစုစုပေါင်း ကုန်သွယ်မှုရဲ့ ၁၈ ရာခိုင်နှုန်းရှိသလို တရုတ်နိုင်ငံမှ အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ (၉. ၁ )ဘီလီယံရှိပြီး အာဆီယံစုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ (၅.၇) ရာခိုင်နှုန်းရှိတာကို ကျေနပ်အားရဖွယ် တွေ့မြင်ရပါတယ်။

ယခုနှစ်ဟာ အာဆီယံ- တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ခြင်း (၁၀)နှစ် ပြည့်မြောက်တဲ့နှစ် ဖြစ်ပါတယ်။ မိမိတို့ရည်မှန်းထားတဲ့အတိုင်း ယခုနှစ်ကုန်မှာ နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၁)ထရီလီယံနဲ့ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၁၅၀) ဘီလီယံ ပြည့်မီနိုင်ရေးအတွက် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်နဲ့ ယင်းစာချုပ်ရဲ့ နောက်ဆက်တွဲ သဘောတူစာချုပ်တို့ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။

"ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်" ဟာ လွတ်လပ်ပြီး အားလုံးပါဝင်၍ စည်းမျဉ်းကိုအခြေခံတဲ့ နိုင်ငံတကာ ကုန်သွယ်ရေး ပတ်ဝန်းကျင်အတွက် ခိုင်မာတဲ့အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

မိမိတို့အနေနဲ့ အပြုသဘောဆောင်တဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာတဲ့ အခြေအနေကို အကျိုးရှိစွာ အသုံးချရမှာဖြစ်သလို "အာဆီယံပေါင်းစည်းဆက်သွယ်မှု မဟာစီမံကိန်း (၂၀၂၅)" နဲ့ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" တို့ရဲ့တူညီတဲ့ ဦးစားပေးလုပ်ငန်းစဉ်တို့ကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မယ့် နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

ယခုနှစ်ဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား သံတမန် ဆက်ဆံရေး ထူထောင်တာ နှစ်(၇၀)ပြည့်တဲ့နှစ်ဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးမှာ ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ယခုနှစ်ဇန်နဝါရီလမှာ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ သမ္မတ ရှီကျင့်ဖျင် ရဲ့ ချစ်ကြည်ရေးခရီးစဉ်ဟာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေခဲ့သလို နှစ်ဦးနှစ်ဖက်အကျိုးရှိမယ့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်စေခဲ့ပါတယ်။

သမ္မတရှီကျင့်ဖျင်ရဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်း မိမိတို့အနေနဲ့ "မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း"ထူထောင်ရေး၊ ရပ်ဝန်းနဲ့ ပိုးလမ်းမ စီမံကိန်းနဲ့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းတို့ အပါအဝင် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြဖို့ သဘောတူညီခဲ့ကြပါတယ်။

မိမိတို့ရဲ့အမျိုးသားစီမံကိန်းနဲ့ ဦးစားပေးလုပ်ငန်းစဉ်တို့နဲ့အညီ ရွေးချယ်သတ်မှတ်ထားတဲ့ ရပ်ဝန်းနဲ့ ပိုးလမ်းမ စီမံကိန်းများဟာ ပြည်တွင်းဆက်သွယ်မှုကိုသာမက နယ်စပ်ဖြတ်ကျော်ဆက်သွယ်မှုကိုပါ တိုးမြှင့်ပေးနိုင် မယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူ ဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ရပ်ဝန်းနဲ့ ပိုးလမ်းမ စီမံကိန်းများကို နှစ်နိုင်ငံလုံးအတွက် အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးနဲ့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမှာဖြစ်သလို COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးထိခိုက်နစ်နာမှုများကိုလည်း လျှော့ချစေနိုင်မယ်လို့ ယုံကြည်ပါတယ်။

(၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနဲ့ တရုတ်-အာဆီယံစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ပါစေကြောင်း ဆန္ဒပြုပါတယ်။

ကျေးဇူးတင်ပါတယ်။

❖ **တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အာဆီယံရဲ့ အရေးပါပြီး ယုံကြည်အားထားရတဲ့ မိတ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ အာဆီယံ- တရုတ် မိတ်ဖက်ဆက်ဆံရေးဟာ ကဏ္ဍပေါင်းစုံမှာ ပုံမှန်တိုးတက်လျက်ရှိပြီး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ သာယာဝပြောရေးကို အထောက်အကူပြုလျက်ရှိပါတယ်။**

❖ **ရပ်ဝန်းနဲ့ပိုးလမ်းမစီမံကိန်းများကို နှစ်နိုင်ငံလုံးအတွက် အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးနဲ့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမှာဖြစ်သလို COVID- 19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးထိခိုက်နစ်နာမှုများကိုလည်း လျှော့ချစေနိုင်မယ်လို့ ယုံကြည်ပါတယ်။**



## မော်ချီးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ Digital ရုပ်သံလိုင်းများနှင့် MRTV FM အစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် 100 W DVB-T2 လွှင့်စက်၊ 150 W MRTV FM လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှစတင်၍ လှိုင်းနှုန်း Channel (E-22) ဖြင့် Digital ရုပ်သံလိုင်း ၁၈ လိုင်းနှင့် လှိုင်းနှုန်း(88.0 MHz) ဖြင့် MRTV FM ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ စမ်းသပ်ထုတ်လွှင့်ရာတွင် မော်ချီးမြို့ အရှေ့ဘက်ရှိ တောင်အောက် ရေလမ်းရပ်ကွက်၊ မော်ချီးအောက်ရွာ သတ္တုတွင်းအလုပ်ရုံ၊ အောက်ကလပ်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ရေပူရွာ၊ ဒိုမူပယ်ရွာနှင့် လယ်ပွာခိုကျေးရွာများမှ လည်းကောင်း၊ အနောက်ဘက်ရှိလိုလော်ထီးကျေးရွာ၊ အောင်ချမ်းသာဈေးရပ်ကွက်၊ လိုခါးလို (၁၊ ၂၊ ၃၊ ၄၊ ၅) ရပ်ကွက်များမှ လည်းကောင်း၊ မြို့တောင်ဘက်ရှိ မိုဆာခီးကျေးရွာနှင့် မြောက်ဘက်ရှိ တောင်ပေါ်အမှတ် ၁၅ ရပ်ကွက်၊ ရတနာအောင်မြေ၊ တောင်ပေါ် အမှတ် ၁၆ ရပ်ကွက်နှင့် ကျေးရွာများမှ လည်းကောင်း အရုပ်/အသံအား ကြည်လင်ပြတ်သား စွာဖြင့် ဖမ်းယူရရှိကာ ကြည့်ရှုနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် သစ်တောစိုက်ခင်းများ စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းက နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၌ ဆောင်ရွက်လျက်ရှိသည့် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်း၊ ရေပေါ်ဗောတံတားတည်ဆောက်နေမှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်း၊ ရေပေါ်ဗောတံတား တည်ဆောက်နေမှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်တွင် မြန်မာ့သစ်လုပ်ငန်းဒုတိယအထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

**ဆွေးနွေးမှာကြား**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တောတွင်း လျှောက်လမ်းအား သဘာဝအတိုင်း မြေသားလမ်းအတိုင်း ဆောင်ရွက်ရန်၊ တံတားအဆင်း အတက်နေရာများတွင် မချော်အောင် စီမံဆောင်ရွက်ရန်၊ အပန်းဖြေနားနေရန် လာရောက်ကြသည့် သက်ရွယ်ကြီးသူများနှင့် ကလေးငယ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် တံတားလက်ရန်းများ၊ အကာများကိုလည်း ခိုင်ခံ့အောင် ဆောင်ရွက်ရန်၊ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ရာ၌ ဘေးအန္တရာယ်မဖြစ်စေရေးကို အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်ဝန်ထမ်းများနှင့်လုပ်သားများကိုလည်းစားသောက်ရေး၊ နေထိုင်ရေးများ၌ ကျန်းမာရေးဦးစီးဌာနက ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ဆောင်ရွက်ရန်အတွက် အထူးကြပ်မတ်ဆောင်ရွက်ရန်၊ တောတွင်းလျှောက်လမ်း ရေတိုက်စားသည့်နေရာများ၌ နုန်းတားဆည်ငယ်များ တည်ဆောက်ရန်၊ နေရာလွတ်များ၌လည်း ဒေသသစ်မျိုးနှင့် ဝါးမျိုးများ စိုက်ပျိုးရန်၊ မူလဂေဟစနစ်အား မပျက်စေဘဲ ပြည်သူများလေ့လာအပန်းဖြေနိုင်စေရေး စီစဉ်ဆောင်ရွက်ရန်နှင့် ဆင်များ၏ ကျန်းမာရေးနှင့် အစာရိက္ခာဖူလုံစေရေးတို့ကို အလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၂၁၇/၀)တွင်တည်ရှိပြီး ပြည်သူများ အပန်းဖြေ နားနေနိုင်ရန်အတွက် ဆင်စခန်းအပြင်၊ တောတွင်းလျှောက်လမ်းနှင့် ရွက်အုပ်ဖြတ်လျှောက်လမ်းများ စီစဉ်ထားရှိသည်။ ထို့အပြင် မိသားစုအလိုက် ထမင်းစား၊အပန်းဖြေနားနေနိုင်ရန်အတွက် တဲငယ်များကိုလည်း သဘာဝအတိုင်း စီစဉ်ထားကြောင်း သိရှိရသည်။

**၄၀ ရာခိုင်နှုန်းခန့်ပြီးစီး**

ကိုဗစ်လွန်ကာလ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ဆန်းသစ်မှုများစွာဖြင့် ပြည်သူတို့အားစိတ်အပန်းဖြေနိုင်စေရေးအတွက် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်းနှင့် ရေပေါ်ဗောတံတားစုစုပေါင်း ပေ ရှည် ၄၈၁၇ ပေကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ ယခုအခါ တည်ဆောက်မှု လုပ်ငန်းစဉ် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြည့်စွက်တင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၁၉/၀)၊ တောင်ညိုကြိုးဝိုင်းအကွက်အမှတ် (၇၅)ရှိ ၁၉၈၆ခုနှစ်၊ ပိတောက်ပင်ကျပ်နုတ်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။ ပင်ကျပ်နုတ်စိုက်ခင်းအတွင်း သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စိုက်ခင်းအား နမူနာကွက်များခွဲ၍ ပင်ကျပ်နုတ်နည်း အဆင့်အမျိုးမျိုးဖြင့် ပင်ကျပ်နုတ်ဆောင်ရွက်ခဲ့ပြီး ကြီးထွားရှင်သန်မှု အကောင်းဆုံးဖြစ်သည့် ပင်ကျပ်နုတ် နည်းအဆင့်ကို ရှင်းလင်းတင်ပြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ရှိအသုံးပြုလျက်ရှိသည့် ပင်ကျပ်နုတ်နည်းအပြင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ပင်ကျပ်နုတ်နည်းစနစ်ကို စမ်းသပ်ဆောင်ရွက်နေမှုကို ဖြည့်စွက်တင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ယခုချမှတ်ထားသည့်နမူနာကွက်များကို အမြဲတမ်းနမူနာကွက်အဖြစ် သတ်မှတ်ထားရှိ၍ နမူနာအကွက်အလိုက် ဆောင်ရွက်ခဲ့သည့် ပင်ကျပ်နုတ် နည်းစနစ်များကိုမှတ်တမ်းပြုစုထားရှိရန်၊ နမူနာကွက်အလိုက် အပင်များ၏ ကြီးထွားမှုအခြေအနေကို မှတ်တမ်းထားရှိရန်နှင့် သစ်တောသုတေသီများအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသနစာတမ်း တစ်စောင် ပေါ်ထွက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ရာပြည့်အထိမ်းအမှတ် နိုင်ငံတကာသုတေသနညီလာခံတွင် အဖွင့်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ရာပြည့်သဘင်အခမ်းအနား အထိမ်းအမှတ်အဖြစ် Virtual စနစ်ဖြင့် ကျင်းပလျက်ရှိသော နိုင်ငံတကာသုတေသနညီလာခံကို Transformation Processes in Myanmar V ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်နှင့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည်။



ယင်းသုတေသနညီလာခံတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိ တက္ကသိုလ်များနှင့် ပြည်တွင်းတက္ကသိုလ်ပေါင်း ၂၀ မှ သုတေသနပညာရှင်ပေါင်း ၉၂ ဦးတို့က သုတေသနစာတမ်းပေါင်း ၄၁ စောင်ကို ဖတ်ကြားဆွေးနွေးကြသည်။ ထိုညီလာခံတွင် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံတက္ကသိုလ်များမှ ပါမောက္ခများ၊ ပြည်တွင်းပြည်ပ စာတမ်းရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသော နိုင်ငံတကာသုတေသနညီလာခံ ဖွင့်ပွဲ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့် အထိမ်းအမှတ်အဖြစ် အစီအစဉ်ပေါင်းများစွာကို တစ်နှစ်ပတ်လုံး ကျင်းပလျက်ရှိရာ ယနေ့မှစတင်၍ နှစ်ရက်ကြာ ကျင်းပလျက်ရှိသော နိုင်ငံတကာသုတေသနညီလာခံသို့ ပြည်တွင်း ပြည်ပပညာရှင်ပေါင်း ၉၂ ဦးက နိုင်ငံတကာသုတေသန စာတမ်းပေါင်း ၄၁ စောင်ကို ဖတ်ကြားဆွေးနွေးကြသည့်အတွက် များစွာကျေးဇူးတင်ရှိ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပညာရှင်များက သုတေသနစာတမ်းများ ပါဝင်ဆွေးနွေးကြခြင်းသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာမှု၏ အထောက်အထားပင် ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တက္ကသိုလ်တစ်ခု၏ သုတေသန၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ယင်း၏ အသီးအပွင့်များကို တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများအားလုံး ရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ အတွေးအမြင်၊ အယူအဆ၊ အတွေ့အကြုံကောင်းများ၊ ဖြေရှင်းနည်းများသည် ထိရောက်သော သင်ယူမှုဝန်းကျင်ကောင်းကိုဖန်တီးရာတွင်လည်းကောင်း နယ်ပယ်စုံတွင် ပညာဗဟုသုတ အတွေ့အကြုံများကို ဝေမျှရာတွင်လည်းကောင်း များစွာအထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ASEAN University Network နှင့် Erasmus+ University Network ကဲ့သို့သော နိုင်ငံတကာသိပ္ပံပညာရပ်ကွန်ရက်များမှ တက္ကသိုလ်များ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန်အသိအမှတ်ပြုမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုတိုးတက်မှုကို ထင်ဟပ်ပါကြောင်း။

ဤသို့ နိုင်ငံတကာသုတေသနညီလာခံများ ကျင်းပခြင်းဖြင့် ၂၀၀၃ ခုနှစ်တွင် ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ ရန်ကုန်တက္ကသိုလ်နှင့် ကိုလုံးတက္ကသိုလ်တို့၏အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ပြီး ပိုမိုခိုင်မာသော ဆက်ဆံရေးကို နှစ်ပေါင်းများစွာ ဆက်လက်ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးအခြေပြု ရာထူးတိုးမြှင့်ရေးမူများအရ ပြည်တွင်း၊ ပြည်ပသုတေသနလုပ်ငန်းများကို အားပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၆ ကျောင်းတွင် ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်ကို ကနဦး ကျင့်သုံးလျက်ရှိပါကြောင်း၊ ဆရာဖလှယ်ရေး၊ ကျောင်းသားဖလှယ်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသော နိုင်ငံတကာသုတေသနညီလာခံကဲ့သို့သော ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများသည် ပညာရပ်ဆိုင်ရာ တီထွင်ဆန်းသစ်မှုများအတွက် ပြောဆိုဆွေးနွေးနိုင်သော Platform များ ဖြစ်ပါကြောင်းနှင့် ဆန်းသစ်သော သုတေသန တွေ့ရှိချက်များကို ဤညီလာခံတွင် ပွင့်လင်းစွာ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး ကိုယ်စား Head of the Cultural Section Mr. Frank Thierfelder၊ ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ Prf. Dr. Frauke Kraas က Keynote Speech ပြောကြားကာ အစီအစဉ်အတိုင်း သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နန်းယွန်း-ပန်ဆောင်လမ်းပိုင်း အဆင့်မြှင့်တင်ရန် ကွင်းဆင်းစစ်ဆေး

**နန်းယွန်း နိုဝင်ဘာ ၂၇ -** နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၁၆ ဒသမ ၈ သန်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်း-ပန်ဆောင်လမ်းပိုင်းအတွင်းရှိ ကျောက်ခင်းလမ်း ၅ မိုင် အဆင့်မြှင့်တင်မည့် လုပ်ငန်းအား နန်းယွန်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၇ ရက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လမ်းပိုင်းဆောင်ရွက်ပြီးပါက နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်မြို့ရှိ အိမ်ခြေ ၄၁၅၉ အိမ်၊ လူဦးရေ ၂၄၈၀၀ တို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူခင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် ၂၀၂၀ အခမ်းအနားတွင် ဗီဒီယိုမိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

**နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲကာလအတွင်း ဆက်စပ်ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် ၂၀၂၀ တို့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Center ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် မြန်မာ- တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် ၂၀၂၀ အခမ်းအနားတွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံမှုကို ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း (၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နှစ်ပေါင်း (၇၀) ခရီးလမ်းတစ်လျှောက်တွင် တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကိုအခြေခံပြီး ပိုမိုနက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တွန်းလှန်တိုက်ဖျက်သည့်နေရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စေတနာထက်သန်စွာဖြင့် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူ/ပြည်သားများ၏ကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု တည်ထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ်သာမက အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်သည့် (၁၀) နှစ်ပြည့်သည့် နှစ်တစ်နှစ်ဖြစ်သည့်အပြင် တရုတ် – အာဆီယံ ဒစ်ဂျစ်တယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စတင်ဆောင်ရွက်သည့် နှစ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရေးပါသည့် နှစ်တစ်နှစ်ဟုလည်းဆိုရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်စေသည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ကျင်းပခဲ့သည်မှာ (၁၇) နှစ်တိုင် ရှိပြီဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနား၏ ရည်ရွယ်ချက် ဆောင်ပုဒ်သည် “တရုတ် – မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် စီးပွားရေးဆိုင်ရာ ရွှေရောင် လွှမ်းသည့် အခွင့်အလမ်းများကို ယှဉ်တွဲပူးပေါင်း၍ ဖန်တီးခြင်းနဲ့မျှဝေခြင်း” ဖြစ်သည့်အတွက် ယနေ့အချိန်အခါနှင့် အလွန်လိုက်လျောညီထွေမှုရှိသည့်အပြင် သင့်လျော်ကောင်းမွန်မှုရှိသည့် ဆောင်ပုဒ်ကောင်းတစ်ခု ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် လယ်ယာထုတ်ကုန်များ၊ အခြေခံအဆောက်အဦ၊ ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများကို ဦးစားပေးသတ်မှတ်ပြီး ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် နည်းလမ်းများနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးကို ဆွေးနွေးသွားမည်ဟု သိရှိရသည့်အတွက် နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ရလဒ်များကို ဆောင်ကြဉ်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နယ်စပ်ကုန်သွယ်မှုစနစ်တွင် ကုန်သွယ်မှုဆိုင်ရာ နည်းလမ်းများ အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများဖယ်ရှားရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် အဆိုပြုတိုက်တွန်းလိုပါကြောင်း၊ နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

မြန်မာထုတ်ကုန်များ၏ အရည်အသွေးစစ်ဆေးရေးအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများရရှိရေးနှင့် အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု နှစ်(၇၀)ပြည့် အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့ခိုင်မြဲစွာ တည်ရှိနေမည်ဟု မိမိအနေနှင့် အခိုင်အမာယုံကြည်ပါကြောင်း၊ တရုတ် – မြန်မာ နှစ်နိုင်ငံအကြား ကောင်းမွန်သည့် ဆက်ဆံရေးသည် မိမိတို့နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းပြည့်စုံကြွယ်ဝမှုကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ဆက်ဆံရေး ပိုမိုရှင်သန်ခိုင်မာလာစေရန် နယ်ပယ်ကဏ္ဍတိုင်းတွင် ပြည်သူချင်း၊ အစိုးရချင်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Li Chenggang၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယအုပ်ချုပ်ရေးမှူး၊ Mr. Zhou Hongbo နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေတို့က မိန့်ခွန်းများပြောကြားခဲ့ပြီး နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးသံမှူးက “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ကုမ္ပဏီနှစ်ခုက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာ၌ ရရှိသောအောင်မြင်မှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း Presentation များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစကလေးကုသဆောင် သုံးထပ်အဆောက်အအုံ လွှဲပြောင်းပေးအပ်မှုအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

**ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့ဖြင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောက်လုပ်ခဲ့သော မကွေးပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစကလေးကုသဆောင် သုံးထပ်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်သည်။** (အောက်ပုံ)



အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့်အတူ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝမ်းမြောက်စကားပြောကြားရာတွင် ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံအား ချစ်ခင်ရင်းနှီးစွာဖြင့် ကျန်းမာရေးကဏ္ဍပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိရာ ယခု ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ မကွေးပြည်သူ့ဆေးရုံကြီးသည် ပြည်သူများ အားကိုးအားထားပြုကာ ကုသမှုခံယူလျက်ရှိသော ဆေးရုံကြီးဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် ဆေးရုံကြီးအား ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံအတွက် ထပ်မံလိုအပ်သည့် MRIs (magnetic resonance imaging) နှင့် CT (computed tomography) scan စက်များအပါဝင် စက်ကိရိယာပစ္စည်းများကို မှာယူထားရှိပါကြောင်း၊ ယခု သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ် အဆောက်အအုံကြီးကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောက်လုပ်နိုင်ခဲ့သည့်အတွက် မကွေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ၏ပံ့ပိုးမှုများဖြင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ခဲ့ပြီး ယခုလက်ရှိတွင်လည်း ပြည်သူ့ဆေးရုံကြီး လှိုင်ကော်မြို့၊ ပြည်သူ့ဆေးရုံကြီး လားရှိုးမြို့နှင့် ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့တို့၏ အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တိုးချဲ့ ခုနစ်ထပ်ဆောင်နှင့် နှလုံး၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုများလည်း ပေးအပ်လျက်ရှိပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများပေးအပ်သည့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အား ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများတွင် ပံ့ပိုးမှုများပေးအပ်လျက်ရှိသော မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိတွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှား စီမံချက်” ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ပံ့ပိုးမှုများပေးအပ်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့သည် မကွေးတိုင်းဒေသကြီးအတွက် အဓိကကျသော ဆေးရုံကြီးဖြစ်ပြီး ယခုပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းကြီးသည် တိုင်းဒေသကြီးအတွက် လွန်စွာအကျိုးရှိသော စီမံကိန်းဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် မိခင်သေဆုံးမှုနှင့် မွေးကင်းစ ကလေးသေဆုံးမှုနှုန်းများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက မြင့်မားနေသောကြောင့် ယခု သားဖွားမီးယပ် ရောဂါနှင့် မွေးကင်းစကလေးကုသဆောင် သုံးထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးခဲ့ခြင်းမှာ မိမိတို့ တိုင်းဒေသကြီးအတွက် အကျိုးများစွာရှိမည် ဖြစ်ပါကြောင်း။

ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေး စီမံကိန်းကို ထောက်ပံ့ပေးလျက်ရှိသော ဂျပန်နိုင်ငံ အစိုးရနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ချိတ်ဆက်တိုင်ပင်ကာ လုပ်ငန်းများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Counselor Mr. Takimi Kazuyuki က ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့သည် တိုင်းဒေသကြီးအတွက် အရေးကြီးသော ဆေးရုံကြီးဖြစ်ပြီး လူနာခုတင်သုံးစွဲမှုများပြားသော ဆေးရုံကြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းသည် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးနှင့် နေထိုင်မှုအရည်အသွေး ပိုမိုမြင့်မားစေရေး ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ် အဆောက်အအုံကို ပြီးစီးပြီးနောက် ဆေးပစ္စည်းကိရိယာများကိုလည်း ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီပေးလျက်ရှိသည့်အပြင် အခြားကျန်းမာရေးကဏ္ဍများအတွက် ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အဆင့်မြှင့်တင်ရေး စီမံကိန်းစီမံချက်အတွက် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့မှာ ဂျပန်ယန်းငွေ ၂၂၈၁ သန်း ဖြစ်သည်။ ယခု လွှဲပြောင်းပေးအပ်ခဲ့သည့် သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ် အဆောက်အအုံတွင် သားဖွားနှင့် မီးယပ်ဆေးကုသဆောင်၊ မွေးကင်းစ ကလေးကုသဆောင်၊ အရေးပေါ်ဌာနနှင့် ခွဲစိတ်ခန်းတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အညာသားလေးရဲ့ လွမ်းပုံပြင်

ဒေါက်တာမြင့်လှိုင်

**ကိုယ်က ရွာသား။ အညာသားစစ်စစ် ရေမရောဘူး။ ဒါ့ကြောင့်လည်း တက္ကသိုလ်ဆိုတာ ကိုယ်နဲ့သိပ်အလှမ်းဝေးတာ။ ဒါပေမယ့် တက္ကသိုလ်ဆိုတဲ့အသံကြားရင် ကြည်နူးနှစ်သိမ့်မှုနဲ့အတူ ရင်ခုန်မက်မောမိခဲ့တာကတော့ ဟိုးငယ်စဉ်ကတည်းက။ တိတိကျကျပြောရရင် မူလတန်းကျောင်းသားဘဝကတည်းက။**



ကိုယ်တို့ဒေသက မန္တလေးမြို့ရဲ့ အထင်ကရနေရာ တောင်သမန်ရွာလေ။ ကျောင်းအားတဲ့ရက်၊ ကျောင်းပိတ်တဲ့ရက်ဆိုရင် တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားတွေက ဦးပိန်တံတားပေါ်မှာ အပြည့်။ ကိုယ်က ဂန္ဓာရုံက ဆရာတော် ဥူးသုစိတ္တရဲ့ သပိတ်လေးပိုက်ပြီး ဆရာတော်နောက်ကနေ ယို့ယို့လေး ခြေလှမ်းဖွဖွလေးနဲ့ လိုက်နေကြ။ တံတားပေါ်ရောက်ရင် တွေ့ပါပြီ တက္ကသိုလ်က ကိုကိုကြီးတွေ၊ မမကြီးတွေ။ သူတို့ကို ကြည့်ပြီး အားကျစိတ်နဲ့ သွားရည်တမျှားမျှား ဖြစ်ရတာ အမော။ အဲဒီကစလို့ မသိစိတ်မှာရော သိစိတ်မှာပါ အမြစ်တွယ် ခြေကုပ်ယူသွားတာကတော့ ငါလည်း တစ်နေ့ သူတို့လို တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သား ဖြစ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ။

အရွယ်လေးရလာတဲ့ အခါကျတော့ အထက်တန်းကျောင်းသားလောက်မှာတော့ မြန်မာပြည်က တက္ကသိုလ်တွေထဲက ကိုယ်သိတာ၊ ကြားဖူးတာ နှစ်ခုပဲရှိတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ၊ ဒီနှစ်ခုပဲ သိတယ်။ ၁၀ တန်းအောင်စာရင်းတွေ ထွက်တော့ နှစ်ချင်းပေါက် အောင်တယ်လေ။ ပျော်လိုက်တာ သည်းအူလှိုက်လှဲပါပဲ။ သူငယ်ချင်းတွေ တော်တော်များများက မန္တလေးတက္ကသိုလ်ကို တက်ကြရတယ်။

**ရန်ကုန်တက္ကသိုလ်ကို တက်ကြရ**

ကိုယ်တို့သူငယ်ချင်းတွေထဲက အချို့က ဥပဒေဘာသာရပ်၊ ဥပဒေပညာကို လေ့လာလိုက်စားလိုကြတယ်။ ဒါပေမယ့် မန္တလေးတက္ကသိုလ်မှာ ရှိသေးတာမဟုတ်။ ဒါ့ကြောင့် ဥပဒေကျောင်းတော်သူ ကျောင်းတော်သားတွေဟာ ရန်ကုန်တက္ကသိုလ်ကို တက်ကြရတယ်။ ဆယ်တန်းအောင်တဲ့သူတွေကလည်း နည်းလွန်းပါဘိ။ အောင်တဲ့အထဲမှာမှ ယောကျ်ားလေးက အနည်းစု။ အားလုံးက မန္တလေး တက္ကသိုလ်မှာ။ မိန်းကလေး သူငယ်ချင်း သုံးယောက်က ရန်ကုန်တက်ကြမှာ။ အချိန်တန်တော့လည်း သူလည်း သူ့တက္ကသိုလ်သွား။ ကိုယ်လည်း ကိုယ့်တက္ကသိုလ်လျှောက်ပေါ့။ စာအဆက်အသွယ်ရတယ်။ သူတို့ အဆောင် ရတယ်တဲ့။ အဆောင်အမည်က "သီရိ"တဲ့ လေ။

ရန်ကုန်နဲ့ မန္တလေးဟာ အလှမ်းသိပ်မဝေးပေမယ့် ကိုယ့်အတွက်ကတော့ ကမ္ဘာခြားနေသလို ခံစားရတယ်။ ဒါပေမယ့် သွားလိုလှတဲ့ ဆန္ဒလေးရှိတာရယ်၊ သွားဖို့အကြောင်း ဖန်လာလေတော့ ရန်ကုန်ကို ရောက်ခဲ့ပြီပေါ့။ ၁၉၉၀ ပြည့်ကျော်လွန်ခါစ ကာလများကပေါ့။ ကိုယ်က အရောင်းအဝယ်ကလည်း လုပ်တယ်ဆိုတော့ ကိုယ်ပို့ရမယ့် ပစ္စည်းတွေကို မင်္ဂလာဈေးကိုပို့၊ ဗိုလ်ချုပ်ဈေးကိုပို့။ ပြီးလည်းပြီးရော ခြေဦးလှည့်ပါပြီဗျာ။ ရန်ကုန်တက္ကသိုလ်ရှိရာဆီကိုပေါ့။

**အညာက ကျောင်းသားလေးကို ကြိုနေ**

ကိုယ်က အညာသားဆိုသော်လည်း ကိုယ့်သူငယ်ချင်းတွေရှိတာကိုး။ သီရိဆောင်မှာလေ။ မသွားတတ်၊ မလာတတ်တာမို့ လိုင်းကားကလည်း မစီးရဲ။ တောင်မြောက်ကလည်း မခွဲတတ်။ လမ်းတွေကလည်း အထက်ဘလောက်နဲ့ အောက်ဘလောက် နဲ့ဆိုတော့ ကြောက်မှကြောက်ပေါ့ဗျာ။ ဒါ့ကြောင့် အငှားကားလေးတွေကို စီးရင်း တက္ကသိုလ်နားချဉ်းကပ်ခွင့်ရခဲ့ပြီပေါ့။ ရန်ကုန်တက္ကသိုလ်ထဲ ခြေချတယ်ဆိုရင်ပဲ ပထမဆုံး နှုတ်ဆက်တာက ရေတမာပင်လေးတွေပါပဲ။ ဒီအပင်လေးတွေက စိမ်းလဲ့လဲ့ပြုံးစစနဲ့ အညာက ကျောင်းသားလေးကို ကြိုနေသလိုပေါ့လေ။

သူငယ်ချင်းတွေက ကိုယ့်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြတယ်။ အညာသူ အညာသားအချင်းချင်းကိုပဲ နယ်ကလာတဲ့ ကိုယ့်ကိုတောသားလေးအလား ဒီလိုက်ပြကြ၊ ဟိုလိုက်ပို့ကြနဲ့ ပျော်စရာတော့ အကောင်းသား။

ဒါက သစ်ပုပ်ပင်၊ ဒါက ဘွဲ့နှင်းသဘင်၊ ဒါက ဂျပ်ဆင်။ သူတို့ပြောတဲ့၊ ပြတဲ့အရာအားလုံးကို ကိုယ်က ရုပ်ရှင်တွေထဲမှာ တွေ့ပြီးသားမို့ စိမ်းမနေဘူး။ ဒါပေမယ့် အခုမြင်ရတာက အရှင်လတ်လတ်ကြီး၊ မျက်ဝါးထင်ထင်ကြီးဆိုတော့ မျက်စိထဲကမထွက်။ ၄နှစ် ၅နှစ် ခွဲနေရတဲ့မိဘမျက်နှာကို တစိမ့်စိမ့်ကြည့်နေရသလိုကြီး။ ဟဲ့ ... သွားကြရအောင်လေဆိုတော့ ဖြည်းဖြည်းလုပ်ကြပါဟဲ့။ နင်တို့လို ငါက နေ့စဉ်ရက်ဆက်ကြည့်ရတာ မဟုတ်ဘူး။ ငါက ဒီနေ့ကြည့်ပြီး ဒီနေ့ပြန်ရမယ့်သူ။ ဟုတ်တယ်လေ ညပိုင်းရထား လက်မှတ်ဖြတ်ထားတာကိုး။ ဒါ့ကြောင့် **"အသည်းဖလင်မှာ စွဲထင်နေအောင် ကြည့်နေရတာဟဲ့"** လို့ ပြောလေတော့ ပွဲကျနေလေရဲ့။ ကိုယ်ကတော့ စိတ်ထဲကနေ သီချင်းလေး ညည်းနေမိတယ်။ မြကျွန်းညိုညိုဆိုတဲ့ ရင်တွင်းနန်းတော် သီချင်း။

သွားကြရင်း၊ လာကြရင်း သူတို့ လက်ညှိုးညွှန်ရာကို ကြည့်မိတယ်။ သူတို့ ပြောသံကို နားစွင့်မိတယ်။ ဒါက ဦးချစ်လက်ဖက်ရည်ဆိုင်တဲ့လေ။ လူပျိုပေါက်လေး ပီပီဘိုဘိုဟန်ရဲ့သီချင်းလေးသွားသတိရမိရင်း ပြုံးစစ ဖြစ်ခဲ့ရသေးတယ်။ ပြီးတော့ သူငယ်ချင်းတစ်ယောက် ညွှန်ပြလို့ ကြည့်လိုက်မိလျက်သားဖြစ်သွားတယ်။ အဲဒါ အောင်ထွန်းလေးတဲ့လေ။ ကိုယ်ကလေ သူ့ကိုမြင်တော့ ပျော်လိုက်တာ။ အဖေတစ်ခု သားတစ်ခုနဲ့ ရုပ်ရှင်ကစပြီး သူရဲ့ အသံသွင်းဓာတ်လမ်းတွေကို မလွတ်တမ်း နားထောင်ခဲ့ရသူကိုး။

သူငယ်ချင်းတွေနဲ့ ကျောင်းထဲမှာ လှည့်ရင်းပတ်ရင်းနဲ့ ကျောင်းထဲက ပြန်အထွက်။ တစ်နေရာကို ရောက်ခဲ့ပြန်တယ်။ အင်းလျားကန်တဲ့လေ။ လေတဖြူးဖြူးနဲ့ မြင်ကွင်းကျယ်ကျယ်ကြီးနဲ့ ဆိုတော့ ဘာသဘော ကျသလဲ မမေးနဲ့။ သူငယ်ချင်းတွေနဲ့ ဘူးသီးကြော်စားရတာလည်း ပျော်စရာကြီး။ လူငယ်သဘာဝ လွတ်လပ်ပေါ့ပါးခဲ့ကြလေရဲ့။ ဒီမှာတင် ကိုယ်က မျက်လုံး ကစားမိတယ်။ သူငယ်ချင်းတွေက ဟဲ့… နင် ဘယ်သူ့ရှာနေတာတုန်းဆိုတော့ **"ယဉ်စွာယဉ်စွာ ဆင်ကာထုံးဖွဲ့ ပြုံးလဲ့လဲ့ ချစ်စရာ၊ ပွင့်သစ်လာသည့်ပန်း လန်းတဲ့ ပုံပမာ တက္ကသိုလ်ကျောင်းသူတစ်ဦး"**လို့ ဆိုဖြေလေး ဖြေလေတော့ တခစ်ခစ်နဲ့ပေါ့။

**ရန်ကုန်တက္ကသိုလ်ရောက်ဖူးခြင်း**

အင်းလျားကန်ထဲက လှိုင်းဂယက်လေးတွေက ကိုယ့်ကို ပြုံးစစနဲ့ ကလူနေသလိုပေါ့လေ။ ဒီလိုနဲ့ပဲ ကိုယ့်ရဲ့ ပထမဆုံး ရန်ကုန်တက္ကသိုလ်ရောက်ဖူးခြင်း နေ့ရက်ဟာ ကုန်ဆုံးခဲ့ပါတယ်။ ဘယ်တော့များမှ ရန်ကုန်တက္ကသိုလ်ဘက်ကို ခြေဦးလှည့်နိုင်မယ် မသိဘူးဆိုတဲ့ အတွေးကို တွေးလိုက်ချိန်မှာတော့ သက်ပြင်းရှည်ကြီးချမိတာ အခါခါ။ ကိုယ်သာလျှင် အသိဆုံးပါလေ။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ထဲကို ဒုတိယအကြိမ် ခြေချမိပြန်ဖို့ အကြောင်းဖန်လာပြန်တယ်။ သို့တိုင်အောင် အချိန်ကာလအားဖြင့် ခြောက်နှစ်လောက် ကွာခြားခဲ့ပြီပေါ့။

ရန်ကုန်တက္ကသိုလ်ထဲကို ဒုတိယမို့ ခြေချမိတဲ့ကာလကတော့ တိတိကျကျပြောရရင် ၁၉၉၈ ခုနှစ်။ ဒီအချိန်မှာ ကိုယ်က တက္ကသိုလ်က ဆရာတစ်ဦး။ နည်းပြတစ်ဦး ဖြစ်လာပြီလေ။ ၁၉၉၈ ခုနှစ်မှာ နည်းပြ၊ သရုပ်ပြတွေအများကြီးပဲ ထွန်းတောက်လို့ လာတယ်။ ဒီအထဲမှာ ကိုယ်လည်းပါတယ်ပေါ့။ ပညာရေးဘက်က သက်ဆိုင်ရာဝန်ကြီးတွေက၊ အကြီးအမှူးတွေက နည်းပြ သရုပ်ပြများကို ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်မှာ တွေ့ဆုံတဲ့ပွဲပါပဲ။ ကိုယ်က မုံရွာတက္ကသိုလ်ကနေ လာတာ။ ဆရာ ဆရာမပေါက်စနလေးတွေဆိုတော့ ဝတ်တာစားတာလေးတွေက ဣန္ဒြေရရပေါ့။ ရွှန်းလဲ့တဲ့ မျက်ဝန်းများနဲ့၊ ယုံကြည်ချက်အပြည့်အဝနဲ့ တင့်တယ်နေကြလေရဲ့။ ဘယ်လိုပဲ တင့်တယ်အောင် ဝတ်ဝတ် ဆရာ ဆရာမပေါက်စလေးတွေဆိုတော့ ကျောင်းသားဗီဇလေးတွေ မပျောက်တာတော့ ကိုယ်သာ အသိဆုံး။

စာမျက်နှာ ၇ သို့

**"ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရင်ခွင်မှာ ပထမအခေါက်က နုပျိုမှုတွေနဲ့ ပျော်ရွှင်ခဲ့ရတယ်။ ဒုတိယအခေါက်မှာတော့ ဣန္ဒြေရရလေးနဲ့ ကြည်နူးခဲ့ရတယ်။ တတိယအခေါက်မှာတော့ ရင့်ကျက်ခြင်းတွေနဲ့ ကျေနပ်ခဲ့တယ်။ ဘယ်အချိန်၊ ဘယ်အရွယ်မှာ စိတ်အေးချမ်းမှုကို ဘယ်လိုရှာရမယ်၊ ပညာကို ဘယ်လိုရှာရမယ်ဆိုတာကို ရန်ကုန်တက္ကသိုလ်ကြီးက အနီးကပ်ပြီး အမြဲတမ်း သွန်သင်ညွှန်ပြနေသလို ခံစားရပါတယ်"**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆိုင်းဘုတ်နှင့် အပန်းဖြေရိပ်သာ။



ဆောင်းပါးရှင် ဒေါက်တာမြင့်လှိုင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ မြင့်လှိုင်ဖြစ်ပါသည်။
- မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ရွာတွင် အဖဦးဗိုလ်၊ အမိ ဒေါ်ခင်မြင့်တို့မှ ၁၉၆၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဖွားမြင်သည်။
- မူလတန်းပညာကို တောင်သမန်ရွာ အ.မ.ကတွင် သင်ယူခဲ့သည်။
- အမရပူရ အ.ထ.က နေရှင်နယ်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။
- မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များ ရရှိခဲ့သည်။
- ထုတ်ဝေခဲ့သော ရသစာတမ်းစာအုပ်များမှာ "ကိုယ်ဘဝရဲ့ အဖော်မွန်လေး"၊ "လွဲကြည်နူး မှားကြည်နူး"၊ "ရှေ့တိုးဖို့နောက်ဆုတ်ကြမယ်"နှင့် "ဘဝ ရင့်ရင့် အလွမ်းနုနု" စာအုပ်များဖြစ်ကြပါသည်။
- မောင်မြင့်လှိုင် (မန်းတက္ကသိုလ်)၊ ဒေါက်တာမြင့်လှိုင်၊ ကိုကြီးလှိုင်၊ ဦးလှိုင်ကြီး၊ ဒေါက်တာမြင့်လှိုင် (တောင်သမန်ရွာသား) ဟူသော ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိပါသည်။
- ယခုအခါ မုံရွာစီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာနတွင် တွဲဖက်ပါမောက္ခ တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

*စာမျက်နှာ ၆ မှ*

ဂျပ်ဆင်ကြီးကို နောက်ခံထားပြီး ဂိုက်အပြည့်နဲ့ ဓာတ်ပုံရိုက်ကြ။ တစ်ယောက်တည်းလည်းရိုက်။ အဖွဲ့လိုက်လည်းအလွတ်မပေး။ အသံတွေကလည်း ညံနေတာပဲ။ မင်းတို့က ဘယ်အဆောင်မှာ တည်းတာလဲ။ ငါတို့က ဘယ်အဆောင်မှာ၊ မင်းတို့က ဘယ်တက္ကသိုလ်မှာ ရတာလဲ။ ဘယ်သူတွေက ဘယ်တက္ကသိုလ်မှာမို့လားနဲ့ အသံလေးတွေ တစာစာနဲ့ ရှင်နေတာပဲ။ သစ်ပုပ်ပင်ကြီးကတော့ ကိုယ်တို့ကို ကြည့်ပြီး ကြည်နူးအပြုံးတွေ၊ ဂုဏ်ပြုအပြုံးတွေနဲ့ ဝေဆာနေရောထင့်။

နေလယ်ပိုင်းရောက်တော့ ကိုယ်တို့က ထမင်းသွားစားကြတယ်။ ဘယ်ဆိုင်မှာလဲဆိုတော့ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ။ ဟင်းပွဲတွေမှာပြီး ထမင်းဖြူနဲ့ စားကြတာပါ။ အဲဒီမှာ အမှတ်ရစရာတွေ ဖြစ်တော့တယ်။ ထမင်းပန်းကန်လေးတွေက သေးသေးလေးတွေ။ စားမှာက အားအင်ဖွံ့ထွားအညာသားလေးတွေကိုး။ ကိုယ်တို့ မုံရွာအဖွဲ့ထဲမှာက ကိုယ်အပါအဝင် ကိုကျော်မိုးဝင်းသန့်၊ ကိုအောင်လင်း၊ ကိုစိုးမြင့်၊ ကိုတင်မောင်ဆွေ၊ ကိုအေးဝင်းတို့ဆိုတာက တကယ့် အညာသားစစ်စစ်တွေ။ မိန်းကလေးဆရာမအငယ်လေးတွေလည်း ကိုယ်တို့မုံရွာအဖွဲ့ထဲမှာ ပါသေးတာကိုး။ အစားအသောက် ဝင်းဝင်းတောက်တွေကိုး။ ဒါ့ကြောင့် လိုက်ပွဲတွေ ထပ်ခါထပ်ခါမှာရတယ်။ စကားတွေကလည်း ဖောင်ဖွဲ့ပြီး ပြောလိုက်ကြတာ ပြောသူသာရှိ။ နားထောင်သူမရှိ။ စားကောင်းကောင်းနဲ့ စားလိုက်ကြတာ။ သူကလည်း လိုက်ပွဲတစ်ပွဲ၊ ကိုယ်ကလည်း လိုက်ပွဲတစ်ပွဲ။ သူကလည်း ထပ်ခါထပ်ခါမှာ ကိုယ်ကလည်း ထပ်ခါထပ်ခါကျော့ဆိုတော့ တစ်ပုံကြီး ဖြစ်သွားတယ်။ ဘာလဲဆိုတော့ လိုက်ပွဲပန်းကန်တွေ ဆိုင်ထဲမှာရှိတဲ့ ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေက ကိုယ်တို့ကို ပြုံးစိစိနဲ့ ကြည့်နေကြလေရဲ့။ ခွင့်လွှတ်တဲ့အပြုံး၊ ဂုဏ်ပြုတဲ့အပြုံးတွေနဲ့ ဝေစည်လို့ပေါ့။ ရန်ကုန်တက္ကသိုလ် ဒုတိယအခေါက်ရဲ့ အမှတ်တရလေးတစ်ခုကလည်း မပြောမဖြစ် ရှိနေပြန်တယ်။ အဲဒါကတော့ စာအုပ်စာတမ်းတွေ အများကြီးသယ်ဖြစ်ခဲ့တာပါပဲ။ ဆရာ ဆရာမဖြစ်ကြပြီဆိုတော့ စာအုပ်စာတမ်းတွေကို အရင်ကထက် ပိုလို့ချစ်၊ ပိုလို့ တန်ဖိုးထားလာကြပြီမို့ တစ်ဖွဲ့လုံး ကြည်နူးမဆုံး တပြုံးပြုံးပေါ့။

**ရန်ကုန်တက္ကသိုလ်ရဲ့ ရင်ခွင်ထဲကို တတိယမ္ပိ ရောက်ခဲ့ပြန်**

ဒီလိုနဲ့ပဲ နောက်ရက်မှာ ကိုယ့်ဒေသ၊ ကိုယ့်တက္ကသိုလ်ပြန်ကြ၊ ကျောင်းတွေပြန်ဖွင့်တော့ စာတွေသင်ကြ၊ တက္ကသိုလ်ရဲ့ ကျရာတာဝန်တွေ ထမ်းရွက်ကြရင်း အရွယ်လေးတွေတောင် ရလာကြပေါ့။ သို့တိုင်အောင် ရန်ကုန်တက္ကသိုလ်ကြီးကို အလျဉ်းသင့်တိုင်း တမ်းတမိနေတာတော့ တိုက်ဆိုင်မှုရှိတိုင်းပေါ့လေ။ ဒီလိုနဲ့ပဲ နှုပျိုမှုတွေ၊ ငယ်ရွယ်မှုတွေကို ကျော်ဖြတ်ရင်း ရန်ကုန်တက္ကသိုလ်ရဲ့ ရင်ခွင်ထဲကို တတိယမ္ပိ ရောက်ခဲ့ ပြန်ပါပေါ့။

ရန်ကုန်တက္ကသိုလ်ကို ရောက်တာ ပထမအခေါက်နဲ့ ဒုတိယအခေါက်ဟာ ခြောက်နှစ်သာ ကွာပေမယ်လို့ ဒုတိယအခေါက်နဲ့ တတိယအခေါက်ကျတော့ အချိန်ကာလအားဖြင့် တော်တော်ကြီးကို လှမ်းသွားပြီပေါ့။ တိတိကျကျပြောရရင် ၂၀၁၈ ခုနှစ်ပိုင်းအကုန် နိုဝင်ဘာလထဲမှာ ရန်ကုန်တက္ကသိုလ်ထဲကို ခြေချခွင့်ရတော့တယ်။ ဒီတစ်ခါလာတာက စာတမ်းဖတ်ပွဲလာတာပါ။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ (၁၈) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲပဲ ဖြစ်ပါတယ်။ ဘယ်ကလာရသလဲဆိုတော့ ဗန်းမော်တက္ကသိုလ်က။

လာချင်လွန်းလို့၊ ဖတ်ချင်လွန်းလို့သာ လာရတယ်။ ခရီးက ဝေးတာကိုး။ ဗန်းမော်ကနေ မန္တလေးထိအောင် အီဆိမ့်နေအောင် ကားစီးရတယ်။ မန္တလေးကနေတစ်ဆင့် ရန်ကုန်ကို ထပ်ကျော့ပြီး ယွန်းရပြန်တယ်။ ရန်ကုန်ရောက်တယ်ဆိုရင်ပဲ ဗိုလ်ဆွန်ပက်လမ်းမှာရှိတဲ့ တည်းခိုခန်းကို တည်းတယ်ပေါ့။ ကျောင်းထဲမှာ တည်းခိုလို့ရပေမယ့် ရန်ကုန်က စာရေးဆရာအသိုင်းအဝိုင်းနဲ့ လုပ်စရာ၊ ကိုင်စရာလေးတွေ ရှိသေးတာမို့ မြို့ထဲကိုပဲ ရွေးလိုက်ပါတယ်။ နောက်နေ့ နံနက်မှာတော့ အမိတက္ကသိုလ်ရဲ့ ရင်ခွင်ကို ခိုလှုံဖို့ ရန်ကုန်တက္ကသိုလ်ထဲကို ရောက်ခဲ့ပြီပေါ့။ ဘယ်သူမှမပါ ကိုယ်တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လေး လွမ်းချင်လွန်းလို့။

ကျောင်းထဲရောက်တာနဲ့ ဘယ်ကို အရင်သွားတာလဲဆိုတော့ ဘွဲ့နှင်းကြီးရှိရာကို ပေါ့။ အနီးနားက ခုံတန်းလေးမှာ ထိုင်ရင်း သစ်ပင်လေးတွေကြားကနေ ငှက်ကလေးတွေရဲ့ သီကျူးသံကို တေးဂီတသံလေးပမာအဖော်ပြုရင်း ကျောင်းတော်ကြီးကို နှင့်ခနဲနေအောင် ငေးနေမိတယ်။ ဩော် ဒို့များရဲ့ အသက်တောင် ၅၀ ပြည့်တော့မှာပါလား။ ဒါပေမယ့်လည်း ကျောင်းတော်ကြီးရဲ့ ရင်ခွင်မှာတော့ ဒို့များဟာ ကလေးငယ်လေးပမာ အမိတက္ကသိုလ်ရဲ့ ရင်ခွင်ထဲမှာ ခေါင်းလေးဝှေ့ပြီး တွတ်တီးတွတ်တာလေးတွေ ပြောချင်နေတုန်းပါလေ။ အတွေးစဉ်ဟာ ပျံ့လွင့်သွားတယ်။

သီရိဆောင်က ငယ်သူငယ်ချင်းလေးတွေကို လွမ်းတယ်။ သူငယ်ချင်းတွေနဲ့ ဦးချစ်ဆိုင်မှာ စားပွဲကြီးနွှဲခဲ့တာကို မဖြစ်နိုင်မှန်းသိပေမယ့် တမ်းတနေမိသေးတယ်။ တစ်နာရီလောက်ကြာမှ အတွေးရေလျှဉ်ကြောကို ဖြတ်ပြီး မြန်မာစာဌာနရှိရာ တောင်ငူဆောင်ဘက်ကို လှမ်းခဲ့ပါတော့တယ်။ ဆရာကြီး ဒေါက်တာ အောင်မြင့်ဦးတို့၊ ဆရာမကြီး ဒေါက်တာ ငြိမ်းငြိမ်းတို့ကို ဂါရဝပြုရင်း ကိုယ်ရေးထားတဲ့ စာအုပ်လေးတွေကို လက်ဆောင်ပေးရင်း စကားစမြည် ပြောဖြစ်ကြပါသေးတယ်။

**ဝမ်းသာပီတိဖြစ်ရ**

စာတမ်းဖတ်တဲ့နေ့မှာတော့ ဆရာမကြီး မမိုးမြေ၊ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)တို့ကို ကန်တော့ခွင့်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကိုယ်တို့ရဲ့ ငယ်ကတည်းက ဆရာမကြီးဖြစ်ခဲ့ဖူးတဲ့ ဆရာမကြီး ဒေါ်ရှိမ်းပိုင်ကိုလည်း ကန်တော့ခွင့်ရခဲ့တာမို့ ကြည်နူးမဆုံး တပြုံးပြုံးပေါ့။ ကိုယ်သုတေသနလုပ်ထားတဲ့၊ ကိုယ်ဖတ်ချင်လွန်းတဲ့ စာတမ်းကိုလည်း ဖတ်ခွင့်ရခဲ့တယ်။ လိုအပ်တာလေးတွေကို ဆရာကြီး ဆရာမကြီးတွေက စေတနာအား၊ ပညာအားတွေနဲ့ ပြင်ပေးကြတယ်ပေါ့။ ဒါတင်မကသေးပဲ ဆရာကြီး ဆရာမကြီးတွေကိုပါ ကန်တော့ခွင့်ရခဲ့တာမို့ အပြန်လမ်းမှာ ကြည်နူးမှုအပြုံးပန်းတွေက တားမနိုင် ဆီးမရပေါ့။

**ရာပြည့်သဘင်ကြီး ကျင်းပ**

တတိယအခေါက် ပြန်လာပြီး နှစ်နှစ်ခန့်ကြာတဲ့အခါမှာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကြီး ကျင်းပတော့မယ်လေ။ တက္ကသိုလ်ကို ညွှန်းဖွဲ့တဲ့ လွမ်းဆွတ်ကြည်နူးသံစဉ် မြူးမြူးလေးတွေကလည်း မြန်မာ့အသံရုပ်မြင်သံကြားကနေ လွင့်ပျံ့လို့လာနေပြီ။ လွမ်းတာတွေရော။ ဆွေးတာတွေရော။ ကြည်နူးစရာတွေရော တပြုံတမကြီး ခံစားကြည့်ရှုကာ သောတဆင်နေရပြီလေ။ ဒါတင်မကသေးဘဲ ရာပြည့်ပွဲ ဂုဏ်ပြုအငြိမ့်ခန်းတွေလည်း မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက လွင့်နေလေတော့ လွမ်းဟောင်းပေါ် လွမ်းသစ်တွေ ဆင့်လာသလိုပေါ့လေ။

ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရင်ခွင်မှာ ပထမအခေါက်က နုပျိုမှုတွေနဲ့ ပျော်ရွှင်ခဲ့ရတယ်။ ဒုတိယအခေါက်မှာတော့ ဣန္ဒြေရရလေးနဲ့ ကြည်နူးခဲ့ရတယ်။ တတိယအခေါက်မှာတော့ ရင့်ကျက်ခြင်းတွေနဲ့ ကျေနပ်ခဲ့တယ်။ ဘယ်အချိန်၊ ဘယ်အရွယ်မှာ စိတ်အေးချမ်းမှုကို ဘယ်လိုရှာရမယ်၊ ပညာကို ဘယ်လိုရှာရမယ်ဆိုတာကို ရန်ကုန်တက္ကသိုလ်ကြီးက အနီးကပ်ပြီး အမြဲတမ်း သွန်သင်ညွှန်ပြနေသလို ခံစားရပါတယ်။

ကိုယ်က ရန်ကုန်တက္ကသိုလ်ထဲကို သုံးကြိမ် သုံးခါလောက်သာရောက်ဖူးပေမယ့် ရောက်ဖူးတဲ့အခါတိုင်း ကြည်နူးနှစ်သိမ့်မှုတွေကို အလုံးအရင်းနဲ့ ခံစားရတယ်။ ကိုယ်ရဲ့ ခြေလှမ်းတိုင်းဟာ ဂန္ထဝင်တွင်နေသလို မော်ကွန်းတင်နေမိတယ်။ အမှတ်တရများစွာဟာ အသည်းစိုင်မှာ မြဲခိုင်နေတာ ကိုယ်သာ အသိဆုံးပါ။ ရန်ကုန်တက္ကသိုလ်ကြီး အကြောင်း ပြန်တွေးလိုက်မိတိုင်း လွမ်းသလိုလို ခံစားရတယ်။ လွမ်းတယ်ဆိုတာ တစ်ယောက်သော သူက တစ်ယောက်သော သူကို တွေ့ချင်၊ မြင်ချင်လွန်းလို့ တမ်းတနေတာကို လွမ်းတာလို့ မှတ်ယူနိုင်သလို သာသာယာယာရှိတဲ့မြင်ကွင်းကို မြင်ရကြုံရ ခံစားရတဲ့အခါ လွမ်းစရာလေးလို့ ဆိုစမှတ်ပြုကြပြန်ပါတယ်။ ကျွန်တော့်ရဲ့တက္ကသိုလ်က အလွမ်းပုံပြင်ဟာ ဒုတိယ အလွမ်းထဲမှာ ထိပ်ဆုံးက ရပ်တည်မှာပါလေ။ ရန်ကုန်တက္ကသိုလ်ကြီးကို ကျွန်တော်လွမ်းနေတာဟာ ပမာတင်စားပြောရရင် "စင်ကာပူတို့၊ ထိုင်းတို့ကို ထပ်ခါတလဲလဲ ရောက်ဖူးနေသူအဖို့ ဘာမှမဆန်းလှပေမယ့် တစ်ခေါက်နှစ်ခေါက် ရောက်ဖူးသူအတွက်တော့ ပြော၍မကုန် ဆို၍မခန်း" ဆိုသလိုမျိုးပေါ့လေ။

တကယ်တော့လည်း ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ပွဲကြီးက ရန်ကုန်တက္ကသိုလ်မှာ အမှုထမ်းဖူးတဲ့ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနဲ့တင် မလုံလောက်သေးပါဘူး။ တက္ကသိုလ်ကို ချစ်မြတ်နိုးတဲ့သူ၊ တက္ကသိုလ် ရနံ့သင်းပျံ့ပျံ့ကို ခံမင်တဲ့သူတိုင်း ပျော်တပြုံးပြုံးနဲ့ အားပါးတရကြီး နွှဲပျော်သင့်ပါကြောင်း ဆန္ဒပြုရင်း ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်ကြီးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုလိုက်ရပါတော့သည်။ ။



စာရေးသူနှင့် ဆရာမကြီး မမိုးမြေ။

# နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်ပရိဝုဏ်တစ်ခုလုံး ရောင်စုံမီးများဖြင့် ဆင်ယင်ထွန်းညှိ



ရန်ကုန် နိုဝင်ဘာ ၂၇

**ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပရိဝုဏ်တစ်ခုလုံးကို ရောင်စုံမီးများဖြင့် ဆင်ယင်ထွန်းညှိထားမည်ဖြစ်ရာ ယခုအခါ မီးအလှဆင်မှုလုပ်ငန်းများအားလုံးနီးပါး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**

ရောင်စုံမီးများဖြင့် မီးအလှဆင် ထွန်းညှိမှုများကို ရန်ကုန်တက္ကသိုလ်အဝင်လမ်းဖြစ်သော အဓိပတိလမ်းတစ်လျှောက်မှ စတင်ထွန်းညှိထားပြီး ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်နှင့် အနီးဝန်းကျင်၊ အပန်းဖြေရိပ်သာ၊ စစ်ကိုင်းလမ်းရှိမုခ်ဦး၊ ကံ့ကော်ဥယျာဉ်၊ တက္ကသိုလ်များ ဓမ္မာရုံကြီး၊ ရန်ကုန်တက္ကသိုလ်ပတ်လည် ခြံစည်းရိုးတစ်လျှောက်၊ ဂျပ်ဆင်ဘုရားကျောင်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကဲ့သို့ ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာများတွင် ဆလိုက်မီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရသည်။ (ဓါတ်ပုံ)

မီးအလှဆင်မှုများကို နိုဝင်ဘာ ၂၀ ရက်မှ စတင်ခဲ့ပြီး ကျောင်းအဝင်တွင်ထားရှိမည့် LED မီးဖြင့် အလှဆင်ထားသည့် ဆိုင်းဘုတ်တစ်ခုသာကျန်ရှိမည်ဖြစ်ကာ ကျန်အပိုင်းများအားလုံးမှာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ မီးအလှဆင်ယင်ထွန်းညှိမှုများကို ရန်ကုန်တက္ကသိုလ်မှ လျှပ်စစ်ဝန်ထမ်းများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လမ်းမီးဌာနနှင့် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်အတွင်း အထင်ကရအဆောက်အအုံများတွင် ရောင်စုံမီးများဖြင့် အလှဆင်ထားမှုကြောင့် လာရောက်ကြည့်ရှုသူအချို့ရှိပြီး ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာရန် တက္ကသိုလ်မှ တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် အသိပေးမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-လင်းညွန့်**

# အဓိပတိလမ်းမှသည် . . .

## ပန်းသွန်းသွန်းခက်



ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မီးရောင်စုံထွန်းညှိထားသည့် အဓိပတိလမ်းမထက်မှ ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

**“ကံ့ကော်ပွင့်ရာ xx ငုဝါပွင့်ရာ xxစိန်ပန်းပွင့်ရာ xx တက္ကသိုလ်ကျောင်းတော်မှာလေ”** ဟုစာဖွဲ့ဆိုခဲ့ကြသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုဆိုလျှင် အနှစ်တစ်ရာပြည့်တော့မည် ဖြစ်ပါသည်။

အနှစ်တစ်ရာအတွင်းတွင် သူ့ရင်ခွင်အတွင်း၌ ချစ်ခြင်းဖွဲ့တေးကဗျာများစွာလည်း သီကျူးခဲ့ကြလိမ့်သည်။ အလွမ်းဇာတ်တစ်ခန်းရပ်များလည်း တမေ့တမောကျန်ရစ်ခဲ့ကြလိမ့်မည်။ ကြည်နူးပျော်ရွှင်စရာများလည်း အမှတ်တရ ထင်နေပါလိမ့်မည်။ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသော သမိုင်းမှတ်တမ်းများလည်း ပြောမကုန်အောင် ထင်ကျန်ရစ်နေပါလိမ့်မည်။ အဓိပတိလမ်းမကြီးကတော့ ကံ့ကော်၊ စိန်ပန်းနှင့် ရေတမာပင်တန်းများ ခြံရံကာ မပြောင်းမလဲ ထာဝရတည်နေမြဲပင်။ အဓိပတိလမ်းမကြီး၏ ရှေ့တည့်တည့်ရှိ ဘွဲ့နှင်းသဘင်ခန်းမကြီးကား သူ့ရင်ခွင်ကို ခိုလှုံမည့်သူများကို ကမ်းလင့်ကြိုဆိုနေသယောင်။

### ပါရဂူခရီးအစ သူနှင့်စတွေ့စဉ်

မှတ်မှတ်ရရ ပါရဂူအကြိုသင်တန်းတက်မည့် ရန်ကုန်ကိုရောက်ခါစ တောသူကျောင်းသူလေးတစ်ယောက်အဖြစ် သူ့ကိုတွေ့ဆုံခဲ့ရသည်။ ကြီးမားခန့်ထည်လွန်းသော သူ့အရှိန်အဝါအောက်တွင် ကိုယ်ကနုပ်နုပ်ဖွဲ့ဖွဲ့၊ သိမ်ငယ်စိတ်၊ အားငယ်စိတ်များစွာနှင့်။ ရှုမဆုံးဖွယ်၊ အံ့သြဖွယ်ပတ်ဝန်းကျင်မြင်ကွင်းများကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်နေမိသည့် ခပ်တုံးတုံး၊ ခပ်အအ၊ တောသူကောင်မလေးတစ်ယောက်အဖြစ် မြင်ယောင်ကြည့်နိုင်သည်။ စာအုပ်များထဲမှာ ဖတ်ခဲ့ဖူးသော၊ ရုပ်ပုံများထဲမှာ မြင်ဖူးခဲ့သော မြင်ကွင်းများ ၊ ပုံရိပ်များကို မျက်ဝါးထင်ထင်မြင်ရသည့်အခါ ရင်အစုံက အဆမတန် ခုန်လှုပ်လျက်။ ရင်ခုန်စိတ်လှုပ်ရှားခြင်းအပြည့်ဖြင့် မြင်မြင်သမျှအရာအားလုံးသည် ကြည့်မဆုံး၊ ရှုမဆုံးသော ပီတိခံစားချက်အပြည့်နှင့်။ ငယ်ငယ်ကကြားခဲ့ဖူးသော၊ ခဏခဏလည်း နှုတ်ဖျားမှ သီကျူးဖူးသော တေးသီချင်းတစ်ပိုင်းတစ်စကို ပြေးအမှတ်ရနေမိသည်။

**“မြကျွန်းညိုညို xx ကွန်းခိုရာ တက္ကသိုလ်မှာဆို xx စာပေဂီတနဲ့သာ အနုပညာ xx အစစမှာလည်းစုံ xx တေးပစ္စင် ငြိမ့်ငြိမ့်ညောင်း စုပေါင်းပါလို့ xx သီကျူးမကုန် တေးမင်္ဂလာ xx ဘဝင်မှာအေးလို့ ငြိမ်းချမ်းကြစေကုန် xxx”** တဲ့။

အခုတော့ **“ကိုယ်ကိုယ်တိုင် မြကျွန်းညိုညိုကို ရောက်နေပါရောလား၊ မြကျွန်းညိုညိုမှာ ကွန်းခိုရတဲ့အခွင့်အရေးရပါပကောလား”** ဟူသော အတွေးများနှင့် ပီတိတသိမ့်သိမ့်ဖြာမိသည်။ ရေတမာပင်များ တစ်ဖက်တစ်ချက် စီတန်းထားသော အဓိပတိလမ်းမှတစ်ဆင့် ဟိုးခပ်ဝေးဝေးရှိ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးဆီ လှမ်းကြည့်ရင်း လမ်းလျှောက်ဝင်လာရသည့်အခါ မောပန်းသမျှ အားလုံးပြေပျောက်သွားသယောင်။ ကြောက်ရွံ့စိုးရိမ်စိတ်များအားလုံး ကင်းစင်သွားသယောင်။ လျှောက်ရင်းလျှောက်ရင်း ဘွဲ့နှင်းသဘင်ကြီးနှင့် တဖြည်းဖြည်းနီးနီးလာသည့် ခံစားချက်မျိုးက ဘာနဲ့မျှ မလဲနိုင်သည့်အရသာတစ်မျိုးပင်။

နေ့စဉ်နေ့တိုင်း တောင်ငူဆောင်ကိုလှည်းတန်းမှတစ်ဆင့် ရာမညဆောင်ဘက်အပေါက်မှ ဝင်လျှင်လည်း ရပါလျက်၊ မာလာမှတ်တိုင်မှာဆင်းပြီး ဂျပ်ဆင်ပေါက်မှ တစ်ဆင့်ဝင်လျှင်လည်း ရပါလျက်နှင့် အဓိပတိလမ်းမှ တည့်တည့်ဝင်ရသည့် လမ်းရှည်ရှည်ကိုသာ ရွေးဝင်ဖြစ်သည်။ အဓိပတိလမ်းမှဝင်ဝင်ချင်း ဘွဲ့နှင်းသဘင်ဆီလှမ်းငေးမျှော်ကြည့်ပြီးမှ ဘယ်ဘက်ကိုချိုးကာ မန္တလေးဆောင်ဘက်မှတစ်ဆင့် တောင်ငူဆောင်ကို သွားရလောက်အောင် အဓိပတိလမ်းကို စွဲလမ်းခဲ့ရသည်။ စာကြည့်တိုက်ဆီသွားတိုင်းလည်း ချစ်သူလမ်းကြားမှတစ်ဆင့် RC မှ ဖြတ်သွားလို့ ရပါလျက် နေပူပူ၊ မိုးရွာရွာ အဓိပတိလမ်း တည့်တည့်ကိုသာ ရွေးချယ်မိတတ်မြဲပင်။

မနက်စောစောအတန်းချိန်မတိုင်ခင် စောစီးစွာ ကျောင်းရောက်သွားတိုင်း တောင်ငူဆောင်ရှေ့ရှိ ဦးချစ်ကန်တင်းမှာ တမေ့တမောထိုင်လို့ ဆရာ၊ ဆရာမများ၊ သူငယ်ချင်း မိတ်ဆွေများအလာကို စောင့်ရသည့် အရသာကလည်း ဘာနဲ့မှမလဲနိုင်ခဲ့ပေ။ အတန်းပြီးပြန်သော်လည်း အိမ်မပြန်ဘဲ ဦးချစ်ကန်တင်းမှာ လက်ဖက်ရည်ကုန်သွားသည့်တိုင် ရေနွေးကြမ်းအိုးတွေ တစ်အိုးပြီးတစ်အိုးတောင်းကာ ဝေဖန်လေကန် စကားပြောကောင်းခဲ့ကြသည့် ဖြစ်ရပ်များကလည်း ပါရဂူအကြိုသင်တန်းတစ်လျှောက် အမှတ်တရများအဖြစ် ထင်ကျန်ရစ်နေဆဲပင်။ တောင်ငူဆောင်၊ စာကြည့်တိုက်၊ RC ထဲမှ မိတ္တူကူးဆိုင်များ၊ သိပ္ပံဆောင်ဘက်မှ မိတ္တူကူးဆိုင်များက တစ်နေ့တစ်နေ့ မသွားဖြစ်၊ မရောက်ဖြစ်သောနေ့မရှိခဲ့။ ပြေးလိုက်လွှားလိုက် စာသင်လိုက်နှင့် သူ့ရင်ခွင်မှာ ခြေရာထပ်ခဲ့ရသည်။ သူ့ရင်ခွင်မှာ ကျင်လည်ခဲ့ရသည်။

### သူ့ရင်ခွင်က လောကနိဗ္ဗာန်

စာမေးပွဲကြီးဖြေခါနီး နှစ်လအလိုတွင် ကိုယ်တို့ သူငယ်ချင်းနှစ်ယောက် ရန်ကုန်တက္ကသိုလ်ထဲမှာနေဖို့ အကြောင်းဖန်လာသည်။ ထိုအချိန်က ကျောင်းတွင်းအဆောင်များ မထားသေးသည့်အချိန်ဖြစ်သည်။ ကျောင်းအသွားအပြန် လိုင်းကားတိုးစီးရသည့်အချိန်ကို လျှော့ချပြီး ဆရာမတစ်ယောက်၏ အကူအညီဖြင့် သထုံဆောင်မှာ နေဖြစ်ခဲ့ကြသည်။ သူ့ ရင်ခွင်ကို စရောက်သည့်နေ့မှစ၍ မနက်မိုးလင်းသည်နှင့် ကျေးငှက်သံများဖြင့်နိုးထရသော နံနက်ခင်းကို ပိုင်ဆိုင်ခဲ့ကြသည်။ ထိုအချိန်က ကံ့ကော်များ ဝေနေအောင် ပွင့်နေသောအချိန်၊ မနက်စောစော အခန်းတံခါးဖွင့်လိုက်သည်နှင့် ကံ့ကော်ပန်းရနံ့များကို ရှူရှိုက်ရသောအဖြစ်ကို ကိုယ်တို့ သူငယ်ချင်းနှစ်ယောက်လုံး နှစ်ခြိုက်ခဲ့ကြသည်။

နံနက်တိုင်း လမ်းလျှောက်ရင်း ကံ့ကော်ပန်းများခူးကာ စာကြည့်စားပွဲမှာ ပန်းအိုးဖြင့် ထိုးထားတတ်ကြသည်။ ပန်းပန်တာ မကြိုက်ကြသော်လည်း ရင်ဘတ်မှာ ကံ့ကော်ပန်းကို ရင်ထိုးလို ထိုးကာ ကျောင်းသွားမြဲ။ စာကြည့်တိုက်မှာ တမေ့တမော စာရှာ၊ စာဖတ်ရင်း အချိန်ကုန်မြဲ။ သထုံဆောင်မှ တောင်ငူဆောင်သို့ အဓိပတိလမ်းမှ အသွားအပြန် ဖြတ်သန်းမြဲ။ နေ့လယ်ဘက်များတွင် ဂျပ်ဆင်နားရှိ အသုပ်ဆိုင်တွင် သူငယ်ချင်းတစ်သိုက် စကားပြောကြ၊ စာအကြောင်းပေအကြောင်း ကြုံရာဆုံရာဆွေးနွေးကာ စကားလက်ဆုံပြောကြရသည့် အရသာကလည်း မမေ့နိုင်သော အမှတ်တရထဲမှာ ပါသည်သာ။ အဓိပတိလမ်းမှတစ်ဆင့် ပုဂံလမ်းတစ်လျှောက် သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် အညောင်းပြေအညာပြေ လမ်းလျှောက်လေ့ရှိသော ညနေခင်းများကိုလည်း လွမ်းရပါသည်။ ကျေးငှက်အော်မြည်သံများမှလွဲ၍ တိတ်ဆိတ်လွန်းသော ညခင်းများတွင် ညဥ့်နက်သည်အထိ ကလေးများလို စာအော်ကျက်ခဲ့ကြသည့် အဖြစ်ကိုလည်း အမှတ်ရမိဆဲပင်။ အဆောင်သူဘဝကို ယခုမှ ကြုံဖူးသော ကိုယ်တို့ သူငယ်ချင်းနှစ်ယောက်အတွက်တော့ သူ့ရင်ခွင်က လောကနိဗ္ဗာန်သစ်အလားပင်။

ခေတ်သမိုင်း တစ်လျှောက်တွင် လောကဓာတ်ခံ့အဖုံဖုံကို ကြုံတွေ့ဖြတ်သန်းခဲ့သော သူ့အသွင်၊ သူ့ဟန်ပန်က ရင့်ကျက်တည်ငြိမ်ခြင်းအသွင်ကို ဆောင်နေသည်။ စိန်ပန်းတွေ ဝေနေအောင်ပွင့်သောအချိန်မျိုး၊ ကံကော်တွေဝေနေအောင်ပွင့်သော အချိန်မျိုးတွင်လည်း တင့်တယ်လှပနေသော ဟန်အမူအရာက ထူးခြားလျက်ရှိနေသည်သာ။ မိုးရွာရွာ၊ နေပူပူ သူ့ရင်ခွင်ရိပ်ထဲမှာ နေရသမျှ ကာလပတ်လုံးသည် နွေးထွေးမှု၊ အေးမြမှုများဖြင့် ပြည့်နှက်နေသည်ချည်းသာဖြစ်သည်။ မွှေးမြသော ကံ့ကော်ပန်းရနံ့များကို ရှူရှိုက်ရင်း၊ ပုရစ်နုနုစိမ်းစိမ်းတို့ဖြင့် တင့်တယ်နေသော ရေတမာပင်တန်းများ၏ အရိပ်ကို ခိုလှုံရင်း၊ စိန်ပန်းရောင်စုံ၏ အလှကို ရှုမောရင်း၊ ရွက်ကြွေတောများကို ဖြတ်နင်းရင်း အဓိပတိလမ်းကို ဖြတ်သန်းလျှောက်လှမ်းရသော ကာလများကို ဆွဲဆန့်လို့ ထားလိုက်ချင်သော စိတ်အစဉ်က အမြဲပေါ်လာတတ်သည်။

သူ့အရှိန်အဝါ၊ သူ့ခံ့ညားလှပမှု၊ ခန့်ထည်တည်ကြည်မှု၊ ကျက်သရေရှိမှုများအောက်တွင် သိမ်ငယ်ခဲ့ရသော၊ အားငယ်ခဲ့ရသော ကိုယ့်ကို နွေးထွေးမှုများစွာပေးခဲ့သည်။ တန်ဖိုးဖြတ်မရသော အတွေ့အကြုံများစွာပေးခဲ့သည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်း၏ သင်ကြားပြသမှုများကို သူ့ရင်ခွင်ထဲမှတစ်ဆင့် သင်ယူခဲ့ရသည်။ အဓိပတိ လမ်းကား သူ့ရင်ခွင်ကို ရောက်လာသူမှန်သမျှအား ဘွဲ့နှင်းသဘင်ဆီရောက်အောင် သူ့ကျောကို ခင်းကာ ပါရမီဖြည့်နေလေသလားဟု မှတ်ယူရမည်ထင်ပါသည်။

### ဘွဲ့နှင်းသဘင်ဆီ အရောက်ပို့ပြီ

**“တက္ကသိုလ်နယ်မြေ၏ ချက်ဗဟိုရ်လယ်ဗွေရှိ အဓိပတိလမ်း”**ဟု ဂီတစာဆို မောင်ကျော်ဇောက တင်စားကာ သီချင်းစပ်ဆိုခဲ့ဖူးသော အဓိပတိလမ်းက ဘယ်အချိန်ကြည့်ကြည့် ကျက်သရေအပေါင်း ခညောင်းနေမြဲပင်။ ယခုလို ဘွဲ့နှင်းသဘင်ရှိသော ရက်မျိုးတွင်ကား သူ့အသွင်သည် တည်ကြည်ခြင်း၊ လေးနက်ခြင်းအပြင် ကြည်နူးခြင်း၊ ရွှင်ပျခြင်းက ထပ်ပေါင်းပေးလိုက်သည့် သဘောဆောင်နေသည်။

ကြည့်လေရာရာ မျက်စိမလွှဲနိုင်လောက်အောင် အလှအပမျိုးစုံကို တစ်နေရာတည်းတွင် မြင်တွေ့နိုင်သော မြင်ကွင်းကို မျက်စိတဆုံးကြည့်ရင်း ရင်တို့အဆမတန် လှိုက်ခုန်လာသည်။ ကိုယ်ကိုယ်တိုင်လည်း သူ့ရင်ခွင်တွင် ခိုလှုံကာ ပညာသင်ခဲ့ရသော ငါးနှစ်တာခရီး ပြီးမြောက်ခဲ့ပြီ။

အဓိပတိလမ်းတစ်လျှောက် ဘွဲ့ဝတ်စုံဝတ်ဆင်ထားသော ပျိုပျိုအိုအို ရွယ်ရွယ်လတ်လတ် အားလုံးသောသူအပေါင်းက အပြုံးများစွာနှင့် ကျက်သရေရှိပေစွ။ အဓိပတိလမ်းကိုကြည့်မလား၊ ဘွဲ့နှင်းသဘင်ဆီကြည့်မလား၊ ဂျပ်ဆင်ရှေ့မှာကြည့်မလား၊ RC မှာ ကြည့်မလား၊ ဝိဇ္ဇာခန်းမဆီကြည့်မလား၊ သစ်ပုပ်ပင်ဆီကြည့်မလား၊ စာကြည့်တိုက်ကို ကြည့်မလား၊ ပုဂံလမ်းကို ကြည့်မလား၊ အလုံးစုံသော နေရာများစွာတွင် ကျက်သရေရှိလှစွာသော အလှပေါင်းများစွာက လက်ညှိုးထိုးမလွဲအောင်ပင်။ လှုပ်ရှားသွားလာနေကြသော ဘွဲ့ဝတ်စုံများဆီမှ အပြုံးများ၊ ပီတိများက ဘွဲ့နှင်းသဘင်ဆီ မရောက်မီ ကြုံတွေ့ခဲ့ရသော အခက်အခဲများစွာကို မေ့လျော့သွားသယောင်။

ကိုယ်တို့လို ပါရဂူခရီးသည်များအတွက်တော့ ငါးနှစ်တာခရီးသည် အခက်များစွာ၊ အတွေ့အကြုံများစွာ ကြုံခဲ့ကြရသည်သာ။ **“ဝေဖန်မှုများစွာ၊ အတိုက်အခိုက်များစွာကြားက မရမက ထိုးထွက်ရှင်သန်လာသော ပန်းပွင့်လေးတွေ”** ဟု ဆရာတစ်ယောက်က ပြောခဲ့ဖူးသည်ကို သတိရသည်။ ခြေလှမ်းစလှမ်းကတည်းက နောက်ပြန်မလျှောက်ချင်သော စိတ်အစဉ်ဖြင့် ရုန်းကန်ခဲ့ကြရသည့် အဖြစ်များ၏ ကြိုးစားမှု အသီးအပွင့်များကို ခုချိန်မှာ ခံစားနေရပါပကောလားလေ။ ဆူးခင်းလမ်းတို့အလွန်တွင် မလွဲမသွေ ရောက်ကြရမည့် ဘွဲ့နှင်းသဘင်ဆီသို့ ပို့ဆောင်ပေးခဲ့ပါပြီကော။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဘွဲ့နှင်းသဘင် ခန်းမအတွင်းတွင် ဆိုင်းဝိုင်းသံနှင့်အတူ စင်မြင့်ပေါ်သို့ တစ်လှမ်းချင်း ဣန္ဒြေရရလျှောက်လှမ်းသွားရင်း ပါမောက္ခချုပ်က အပ်နှင်းသော ဘွဲ့လက်မှတ်ကို ပြုံးပြုံးကလေး ယူနိုင်ဖို့အတွက် အဓိပတိလမ်းဆီ အခေါက်ခေါက်အခါခါ ဖြတ်သန်းရင်း အင်အားယူခဲ့ရ၊ သင်ယူခဲ့ရသော အဖြစ်များက မမေ့နိုင်သော အမှတ်တရများ ဖြစ်ခဲ့သည်။

ပန်းခင်းလမ်းမရောက်မီ ဖြတ်သန်းကျော်လွှားခဲ့ရသည့် နှစ်များတွင် အဓိပတိလမ်းကတော့ ကိုယ့်အတွက် အဖော်တစ်ယောက်ပမာ ယှဉ်တွဲလျက်ရှိနေခဲ့သည်။ လုပ်ငန်းခွင်မှတစ်ဆင့် အချိန်လုပြီး သူ့ရင်ခွင်ခိုလှုံရသည့်တိုင် အချိန်မရသည့်ကြားမှ အဓိပတိလမ်းကို လွမ်းတသောစိတ်ဖြင့် အမြဲရောက်ဖြစ်အောင် သွားလေ့ရှိသည်။ အဓိပတိလမ်းတစ်လျှောက် ခပ်သုတ်သုတ်လျှောက်လှမ်းရင်း ဘွဲ့နှင်းသဘင်ဆီ ငေးမျှော်လှမ်းကြည့်ရသော အခိုက်အတန့်ကိုသိပ်မက်မောခဲ့သည်။ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရသည့်အပြင် လောက၏ အတွေ့အကြုံပေါင်းများစွာ၊ အခက်အခဲများစွာ၊ အပြောင်းအလဲပေါင်းများစွာ၊ ဖြစ်ရပ်ပေါင်းများစွာကို ရင်ဆိုင်တွေ့ကြုံခဲ့ရသော သူ့အဖြစ်ကို တွေးလိုက်မိသည်နှင့် ကိုယ့်အခက်အခဲများက မြူမှုန်များပမာ ဖြစ်သွားရတတ်စမြဲပင်တည်း။

## သူ့မေတ္တာကို ဝေမျှပေးစဉ်

မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲကို အကြောင်းပြုကာ နယ်မှကလေးများကို သူ့ဆီခေါ်လာပြရသည့်အခါ မတွေ့တာကြာသည့်တိုင် သူက လှိုက်လှဲနွေးထွေးမှုများစွာနှင့်ကြိုဆိုနေသည်။

**“ဒါက အဓိပတိလမ်းပေါ့”**

**“ဟိုရှေ့က ဘွဲ့နှင်းသဘင်ကြီးလေ”**

**“ဒါက တောင်ငူဆောင်၊ ဒါက မန္တလေးဆောင်၊ ဟိုဘက်က ပဲခူးဆောင်၊ စစ်ကိုင်းဆောင်၊ သထုံဆောင်၊ ပင်းယဆောင်၊ ဟောဟိုက သစ်ပုပ်ပင်ကြီးပေါ့၊ ဒါက RC လေ၊ ဒါကဝိဇ္ဇာခန်းမ၊ ဒီဘက်မှာ သိပ္ပံခန်းမ၊ ဟိုဟာစာကြည့်တိုက်၊ ဟိုဘက်က ဂျပ်ဆင်၊ ဒါက ပုဂံလမ်း၊ ဒါက စစ်ကိုင်းလမ်း”**

ပြောလို့ မပြီးနိုင်၊ ပြလို့မပြီးနိုင်၊ လက်ညှိုးတထိုးထိုးနှင့်၊ ရွှင်ပျမြူးတူးသော အသံတို့က ဖုံးမရဖိမရ၊ သူ့ရင်ခွင်ခိုဝင်လိုက်ရသည်နှင့် နုပျိုလန်းဆန်းသွားသော စိတ်အသွင်နှင့် ကိုယ်အမူအရာတို့က အထင်အရှားမြင်သာနေပြန်သည်။

ကလေးများက ဖုန်းများဖြင့် ဓာတ်ပုံတဖျတ်ဖျတ်ရိုက်ရင်း သူ့ပုံရိပ်များကို ဖမ်းယူမှတ်တမ်းတင်နေကြသည်။ ကိုယ်တို့တုန်းကတော့ ဖုန်းလည်းမကိုင်နိုင်သေးသလို ဓာတ်ပုံ ကင်မရာများနှင့်လည်း မှတ်တမ်းတင်ဖို့ ခက်ခဲခဲ့ကြချိန်ဖြစ်သည်။ သို့သော် ကိုယ်တို့ နှလုံးသားထဲမှာတော့ သူ့ပုံရိပ်၊ သူ့မြင်ကွင်းက ထာဝရအထင်အရှားမြင်နေရဆဲပင်။

နယ်မှသာ ကြီးပြင်းကျင်လည်နေရသော ကလေးတို့၏ စူးစမ်းလိုစိတ်များ၊ ကြည်နူးအံ့သြစိတ်များဖြင့် တဖျတ်ဖျတ်လက်နေသော မျက်ဝန်းလေးများကို စာနာသောစိတ်ဖြင့် အတွေ့အကြုံတွေကို ဝေမျှဖြစ်သည်။ ကလေးတို့၏ ကြည်နူးရင်ခုန်ခြင်း အသွင်သည် လွန်ခဲ့သောနှစ်များစွာဆီက သူ့ရင်ခွင်ကို ကိုယ်ရောက်ခါစ ကြုံတွေ့ခံစားရသော ခံစားချက်မျိုးပင် ဖြစ်နိုင်ပါသည်။ ကိုယ်ကိုယ်တိုင်ပင် သူ့ရင်ခွင်ကို ယခုတစ်ဖန် ရောက်ရခြင်း၏ ကြည်နူးခြင်းဓာတ်ခံသည် ကိုယ့်အပြုံးတို့ကိုပါ ဝေဆာနေစေခဲ့သည်ပင်။

ပြောမကုန်သည့် သူ့အကြောင်းတွေကို မိတ်ဆက်ဆိုရင်း **“သူ့ရင်ခွင်ကို အကြောင်းပြုပြီး ပေါ်ပေါက်လာတဲ့ ဓာတ်လမ်းပေါင်းများစွာမှာ သူကတော့ မပါမဖြစ် ဓာတ်လိုက်ကျော်ပါပဲ ကလေးတို့ရေ”** လို့ စကားစမိတော့ **“တီချယ့်ဓာတ်လမ်းထဲမှာရော သူက ဓာတ်လိုက်ပဲလားဟင်”** ဟု မေးခွန်းထုတ်ကြသည်။ **“အမြဲတမ်းပေါ့ကွယ်”**ဟု ခပ်ပြုံးပြုံးဖြေရင်း အဓိပတိလမ်းနှင့် ကိုယ့်ရဲ့ ဓာတ်လမ်းကို ပြန်ပြောင်းသတိရမိသေးသည်။

တိုက်တိုက်ဆိုင်ဆိုင် အဓိပတိလမ်းဆီ ဖြတ်သန်းသွားနေရင်း ခပ်ဝေးဝေးမှ ဥသြငှက်၏ တေးသီသံကို ကြားလိုက်ရသည့်အခါ ကိုယ်တို့ ဆရာတပည့်တစ်တွေ၏ စကားသံများ ရုတ်ချည်းတိတ်ဆိတ်သွားကြပြန်သည်။ ကိုယ့်ခေါင်းထဲမှာလည်း ဂီတစာဆို မောင်ကျော်ဇော၏ တက္ကသိုလ်နောက်ခံ သီချင်းတစ်ပိုင်းတစ်စက ခေါင်းထဲပေါ်လာသည်။

**“xx ရာသီတွေ ဘယ်လိုဟောင်းပြောင်းစေ တစ်နွေပြီးတစ်နွေ xx ဖြေပြီး မပြေတဲ့ မပြေသူတွေအတွက် xx နှလုံးသားမေတ္တာ အရောင်ခံအချစ်ရဲ့ အရိုးသမားသစ္စာတော်ခံအဖြစ်နဲ့ xx ကံ့ကော်တောက ဥသြကလေးများကတော့ ထာဝရအလွမ်းတေးကို ပန်းမပေးဘဲ သီကြွေးနေလေမည် . . . xx ”**

ဥသြသံကြားလျှင် လွမ်းစရာကြီးဟု ခံစားမိတတ်သလို သူနှင့်တွေ့ကြုံဖူးသူတိုင်းလည်း အမှတ်တရတွေအဖြစ် ကျန်နေရစ်ကာ သူ့အကြောင်းကို တွေးလိုက်တိုင်း သူ့ကို လွမ်းနေမိမည်မှာ သေချာပါသည်။

## အမှတ်တရတွေနှင့် အနှစ်တစ်ရာ

အနှစ်တစ်ရာပြည့်ပြီဖြစ်သော သူ့အသွင်က ဘယ်အချိန်ကြည့်ကြည့် ကျက်သရေရှိဆဲ။ ဘယ်နေရာကြည့်ကြည့် အလှဝေဖြာနေဆဲပင်။ နှစ်တစ်ရာပြည့်အတွက် ကြိုတင်ရင်ခုန်နေကြသူတို့၏ ရင်တွင်းခံစားချက်များ၊ ရင်ခုန်သံများက ထပ်တူထပ်မျှ စည်းချက်ညီညီ။ နှစ်တစ်ရာပြည့်ပွဲကို မည်သို့နွှဲလိုက်ကြမည်ဟူသော မျှော်လင့်ချက်ရောင်ခြည်များက တဖွားဖွားယှက်သန်းလျက်။ ကိုဗစ်၏ နှောင့်ယှက်မှုများကြားမှပင် နှစ်တစ်ရာပြည့် အခမ်းအနားအတွက် ပြင်ကြဆင်ကြနှင့်၊ မမောနိုင်မပန်းနိုင်။ သောကြာနေ့တိုင်း MRTV မှ တက္ကသိုလ်ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရတေးသီချင်းများ ထုတ်လွှင့်သော အစီအစဉ်ကို တကူးတက စောင့်မျှော်ကြည့်ကြ၊ ရင်ခုန်ကြ၊ ငယ်မူငယ်သွေးပြန်နေကြသူများကို မြင်ရတော့ ထပ်တူကြည်နူးမိရသည်။

**“xx ပန်းချီကဗျာထက်လှတဲ့ xx သီလာတက္ကရဲ့ xx ကျွန်းညိုမြဝယ် xx မိုးမြေနိမ့်ယောင် မာယာဆောင်သို့ xx မြူနှင်းတို့ဝေတဲ့ကာလ xx ချမ်းမြမြဟေမာန်ဝယ် xx ”** ဟူသော တေးဆို ခင်မောင်ကြီး၏ **“တက္ကသိုလ်မှာ ဝေတဲ့နှင်း”** သီချင်းကို ရာပြည့်သဘင် အမှတ်တရအစီအစဉ်တွင် ခံစားနားထောင်လိုက်ရသည်။ ဆောင်းနံနက်ခင်း၏အလှကို နောက်ခံထားသော တက္ကသိုလ်၏ ပုံရိပ်ကို စကားလုံးအလှများဖြင့် ဆင့်ကာစီကာ တေးဖွဲ့ဆိုထားသော တေးရေးကိုလေးလွင်၏ လက်ရာ၊ တေးဆို ခင်မောင်ကြီး၏ အသံက ငယ်ငယ်ကတည်းက နားမှာစွဲခဲ့သည်။ ယခု ပြန်ကြားရ နားထောင်ရပြန်တော့လည်း ရင်ထဲတသိမ့်သိမ့်နေအောင် ခံစားရသည်။

**“ ရေလှိုင်းခတ်သံ xx သစ်ရွက်ကြွေသံကြားပြန်တော့လည်း xx မောင့်ကိုပဲ သတိရနေ xx ”** ဟု အစချီသော **“တက္ကသိုလ်ကျောင်းက ငွေလမင်း”** သီချင်းကလည်း တက္ကသိုလ် ပုံရိပ်တွေအကြောင်း ပြောလျှင် မပါမဖြစ်သော သီချင်းတစ်ပုဒ်ဟု ဆိုရမည်။ ကိုယ့်အတွက်ကတော့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ထိုသီချင်းကို စာပေရှုထောင့်မှ လေ့လာသုတေသနပြုထားသည့် စာတမ်းတစ်စောင်ကို (၁၉) ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာ/သိပ္ပံစာတမ်းဖတ်ပွဲတွင် ဖတ်ခွင့်ရခဲ့သည်။ နှစ်တစ်ရာပြည့်ပွဲကို တစ်ထောင့်တစ်နေရာမှ ဆင်နွှဲခွင့်ရခဲ့သည့် အမှတ်တရအဖြစ် မှတ်ယူမိသည်။ သူ့ရင်ခွင်တွင်ခိုလှုံခွင့်ပေးခဲ့သော ကျေးဇူးတရားကို ဆပ်ခွင့်ရခဲ့သည်ဟုလည်း ကျေနပ်နေမိသည်။ ထို့အပြင် အဓိပတိလမ်းကို ခေါက်တုံ့ခေါက်ပြန် ဖြတ်လျှောက်ရင်း ရရှိခဲ့သော အားအင်များကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

ကိုယ့်အတွက်တော့ သူ့ရင်ခွင်တွင် ခိုလှုံခွင့်ရချင်သော အိပ်မက်များက တကယ်ဖြစ်လာခဲ့သည့်အတွက်တော့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအားလုံးကို ကျေးဇူး တင်မိသည်။ ထို့အတူ သူ့ရင်ခွင်ကိုရောက်ခါစ ကြုံတွေ့ခံစားရသော သိမ်ငယ်စိတ်၊ အားငယ်စိတ်များကို ဖြေသိမ့်ပေးခဲ့သော အဓိပတိလမ်း၏ ကျေးဇူးတရားကလည်း ရင်မှာ ထာဝရအရိပ်ထင်နေဆဲပင်။ သူ့ရင်ခွင်ဆီမှာ ခြေရာချင်းထပ်အောင် သွားခဲ့ဖူးသော်လည်း သွားချင်နေမြဲ၊ ရောက်ချင်နေမြဲ။ ရောက်တိုင်း၊ လျှောက်တိုင်းလည်း ဘယ်အချိန်ဖြစ်ဖြစ် အဓိပတိလမ်းကို မမောမပန်း ဖြတ်လျှောက်ချင်နေဆဲပင်။ အဓိပတိလမ်းကလည်း သူ့ရင်ခွင်ဆီရောက်လာသူမှန်သမျှကို ကျောခင်းလို့ ကြိုဆိုမြဲပင်။

**“ တက္ကသီလာ xx သူ့ကမ္ဘာမှာ xx ခုအခါဆို ငုဝါဝါနဲ့ စိန်ပန်းအပြာ xx အနီရာသီ ခရမ်းရင့် xx ရင်ခုန်ပွင့်တွေ xx လွင့်လေချီရာ ကတ္တီပါဖြန့် xx သက်တံပန်းခင်း တသင်းသင်းမွှေးကာ xx အတွေးမှာ စွယ်တော် xx အဝေးမှာ ကံ့ကော်တွေဖူး xx လေရူးတွေ နှောက်တဲ့ အချိန်ခါ xx ရေတမာပင်တန်းနဲ့ ရွက်ကြွေတောရေ xx လွမ်းလွမ်းစရာxx အဓိပတိလမ်းမှာ မိုး မိုးတွေရွာ xx ”** ဆိုသော သီချင်းစာသားအတိုင်း ကံ့ကော်၊ စိန်ပန်း၊ ရေတမာတန်းများခြံရံကာ ကျက်သရေရှိရှိ လှနေသော အဓိပတိလမ်းကို စိတ်အတွေးတွင် မှန်းဆမျှော်ငေးမိသည်။ ခုချိန်မှာ **“မျှော်လေတိုင်းဝေး တွေးလိုက်တိုင်းမြင် မြင်လိုက်တိုင်းလွမ်း လွမ်းတိုင်းမျက်ရည်လည် စရာ...”** ဖြစ်နေသော အဓိပတိလမ်းမှာ မိုးတွေရွာ၊ မရွာ သေချာမသိနိုင်သော်လည်း ကျောင်းသား၊ ကျောင်းသူများနှင့် ဝေဆာနေမည့် သူ့ပုံရိပ်ကိုတော့ အဓိပတိလမ်းမကြီးက တိတ်တိတ်ဆိတ်ဆိတ်ဖြင့် မျှော်ငေးတမ်းတနေမည်မှာ သေချာပါသည်။ သူ့ရင်ခွင်ဆီ ခိုလှုံသူမှန်သမျှကို ဘွဲ့နှင်းသဘင်ဆီ ပို့ခွင့်ရနိုင်မည့် အခွင့်အရေးကိုလည်း စောင့်မျှော်နေမည် ထင်ပါသည်။

ခေတ်အဆက်ဆက် လောကဓာတ်ခံ့အဖုံဖုံတွင် အပြောင်းအလဲများစွာ၊ ဖြစ်ရပ်ပေါင်းများစွာ၊ လောကခံပေါင်းများစွာကို အနှစ်တစ်ရာတိုင် ဖြတ်သန်းရင်ဆိုင်ခဲ့သူ ပီပီ နောက်နှစ်ပေါင်းများစွာတိုင်လည်း တည်ကြည်ရင့်ကျက်မှုအပြည့်ဖြင့် ရှင်သန်တည်ရှိ နေဦးမည်ဟု ယုံကြည်နေမိသည်။ သူ့ရင်ခွင်ကို ခိုလှုံသူမှန်သမျှကို သူ့အတွေ့အကြုံများကို ဝေမျှရင်း၊ သူ့အလှအပများကို ခံစားစေရင်း အားအင်များစွာ ပေးနေဦးမည်မှာ သေချာပါသည်။ အထူးသဖြင့် အဓိပတိလမ်းကို ကျောခင်းကာ ဘွဲ့နှင်းသဘင်ဆီ အရောက်ပို့နေဦးမည်မှာ သေချာပါသည်။ ။

> **“အဓိပတိလမ်းမှာ မိုးတွေရွာ၊ မရွာ သေချာမသိနိုင်သော်လည်း ကျောင်းသား၊ ကျောင်းသူများနှင့် ဝေဆာနေမည့် သူ့ပုံရိပ်ကိုတော့ အဓိပတိလမ်းမကြီးက တိတ်တိတ်ဆိတ်ဆိတ်ဖြင့် မျှော်ငေးတမ်းတနေမည်မှာ သေချာသည်။ သူ့ရင်ခွင်ဆီ ခိုလှုံသူမှန်သမျှကို ဘွဲ့နှင်းသဘင်ဆီ ပို့ခွင့်ရနိုင်မည့်အခွင့်အရေးကိုလည်း စောင့်မျှော်နေမည် ထင်”**

### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



- အမည်ရင်း ဒေါက်တာအေးစုငြိမ်း
- ရာထူး၊ အလုပ်အကိုင် - ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်။
- အဖ ဦးခင်ဇော်ဝင်း၊ အမိ ဒေါ်မြင့်မြင့်အေးတို့မှ (၁-၁၁-၁၉၈၇) ရက်နေ့တွင် မအူပင်မြို့၌ မွေးဖွားခဲ့ပါသည်။
- ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး ၂၀၀၈ ခုနှစ်တွင် ဂုဏ်ထူးတန်းဘွဲ့ (BA.Hons)၊ ၂၀၁၀ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (MA)၊ ၂၀၁၁ ခုနှစ်တွင် မဟာသုတေသနဘွဲ့ (MRes) တို့ကို မအူပင်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပါရဂူဘွဲ့ (PhD) ကို “တင်မိုး၏ ကဗျာအနုပညာဖန်တီးမှု” ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ပါသည်။
- ပန်းသွန်းသွန်းခက် ကလောင်အမည်ဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကဗျာများ၊ ဆောင်းပါးများ၊ ရသစာတမ်းများ၊ ပုံပြင်များကို ရေးသားလျက်ရှိပါသည်။
- နည်းပြရာထူးဖြင့် ပဲခူးတက္ကသိုလ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိတွင် မအူပင်တက္ကသိုလ်၊ မြန်မာစာဌာန၌ ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

---

# နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (၈) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၇

**(၈) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြသည်။** (အောက်ပုံ)



အစည်းအဝေးတွင် အာဆီယံနှင့် UNESCAP တို့ ပူးပေါင်းရေးဆွဲသည့် ASEAN–UNESCAP Ready for the Dry Years အစီရင်ခံစာ ဒုတိယအကြိမ် ထုတ်ဝေမှုကို မိတ်ဆက်ပြီး ဒေသတွင်း မိုးခေါင်ရေရှား ဘေးအန္တရာယ်ဆိုင်ရာ မှတ်တမ်းတင် ဗီဒီယိုပြသသည်။

ထို့နောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အလှည့်ကျအိမ်ရှင်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ Office of the Civil Defense မှ Under Secretary ဖြစ်သူ Mr. Ricardo B. Jalad က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**နိုင်ငံအလိုက် မိန့်ခွန်းပြောကြား**

ယင်းနောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် မိန့်ခွန်းပြောကြားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်းများကြောင့် သေဆုံးခဲ့သူများနှင့် ထိခိုက်ဆုံးရှုံးမှုများအတွက် များစွာစိတ်ထိခိုက်ရပါကြောင်း၊ ပေါင်းစည်းညီညွတ်သည့် အာဆီယံအစဉ်အလာနှင့်အညီ ဖိလစ်ပိုင်နိုင်ငံနှင့် အတူတကွရှိပါကြောင်း၊ အခက်အခဲများအကြားတွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများကို ကျင်းပနိုင်သည့်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ ဘေးအန္တရာယ်များသည် နိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ဒေသတွင်း စိုးရိမ်ဖွယ်ရာကိစ္စဖြစ်သည့်အပြင် ကမ္ဘာ့အဆင့်တွင် မဖြစ်မနေ ရင်ဆိုင်တုံ့ပြန်ရမည့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်လာပါကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်–၁၉ ကပ်ရောဂါသည် အာဆီယံနိုင်ငံများအတွက်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ရာ ပြီးပြည့်စုံသည့် အာဆီယံပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်သည် ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ရေရှည်အကျိုးဆက်များကို ကုစားပေးနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်တစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပြီး ထိခိုက်လွယ်အုပ်စုများအတွက် ကာကွယ်စောင့်ရှောက်ထောက်ပံ့မှုများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ လုပ်ငန်းအစီအစဉ် (AADMER Work Programme – AWP) (၂၀၂၁–၂၀၂၅)ကို အသစ်ရေးဆွဲထားပြီးဖြစ်ရာ အကောင်အထည်ဖော်မှုများကို ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းသည် များစွာအရေးကြီးသည်ဖြစ်ရာ ယင်းအတွက်ကိုလည်း အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသအနေဖြင့် ဖြစ်ရိုးဖြစ်စဉ် ဘေးအန္တရာယ်များအပြင် အခြားသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ဇီဝဆိုင်ရာဘေးအန္တရာယ်များအတွက်ပါ အသင့်ဖြစ်နေစေရန် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**တိုးမြှင့်လုပ်ဆောင်**

(၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်အတိုင်း ဒေသတွင်းစည်းလုံးညီညွတ်မှုနှင့် ဒေသပြင်ပ၏ တည်ငြိမ်အေးချမ်းမှုကို တိုးမြှင့်လုပ်ဆောင်ပေးခြင်းအားဖြင့် ပြောင်းလဲမှုအမျိုးမျိုးကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကာ ၂၀၂၅ အာဆီယံမျှော်မှန်းချက် ဖြစ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ကမ္ဘာ့အဆင့်ဦးဆောင်သူ ဖြစ်လာစေရေးကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေး အစီရင်ခံစာများကို ဖတ်ကြားတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို အကြံပြုလမ်းညွှန်ပေးကြသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် အသစ်ရေးဆွဲထားသည့် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ လုပ်ငန်းအစီအစဉ် (၂၀၂၁–၂၀၂၅) ကို ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ထို့အပြင် (၈) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ သဘာပတိကြေညာစာတမ်းကို ထုတ်ပြန်ခြင်း၊ ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အတွင်း ဆောင်ရွက်တိုးတက်မှုများကို မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ ၂၀၂၁ ခုနှစ်၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ စင်ကာပူနိုင်ငံသို့ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်းနှင့် စင်ကာပူနိုင်ငံက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ (၉) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် နေရာသတ်မှတ်ခြင်း၊ ဝန်ကြီးအဆင့် အစည်းအဝေးအစီရင်ခံစာမူကြမ်းကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးမတိုင်မီ နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက် တို့တွင် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပခဲ့ရာ အဆိုပါ ကော်မတီ၏အဖွဲ့ဝင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ဦးဆောင် ၍ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၈)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ ကိုယ်စားလှယ်များက ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကိုရီးယား - မြန်မာ ချစ်ကြည်ရေး (ဒလ) တံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်မ်ဂွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး ကိုရီးယား–မြန်မာ ချစ်ကြည်ရေး (ဒလ) တံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆေးရုံသုံး စွန့်ထုတ်ပစ္စည်းများ သန့်စင်သည့်စက် ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က နေပြည်တော်မှ Video Conference ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်မ်ဂွန်း က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ကိုရီးယား–မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်မ်ဂွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ နှင့် KOICA ရုံးမှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စ လီယောင်ဆူး တို့က မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ခုနစ်သိန်းတန်ဖိုးရှိ ဆေးရုံသုံးစွန့်ထုတ်ပစ္စည်းများ သန့်စင်သည့်စက် (Hospital Waste Management Equipment) သုံးလုံးကို ပေးအပ်လှူဒါန်းရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်ကာ သံတမန်ဧည့်ခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အဖွဲ့အား တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ကိုရီးယား–မြန်မာ ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း၊ ကိုရီးယား–မြန်မာ စက်မှုဇုန်စီမံကိန်း၊ ဒလမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ အပါအဝင် နှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးမှုအပြီးတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ အစိုးရအဖွဲ့ရုံးအတွင်းရှိ အမိမြန်မာပြည်ရုပ်တုရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကိုရီးယား–မြန်မာ ချစ်ကြည်ရေး (ဒလ) တံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာရာ တံတား စီမံကိန်းတာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းခွင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တံတားစီမံကိန်း တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် လူနာများအတွက် လူနာစောင့်တစ်ဦး လိုက်ပါစောင့်ရှောက်ခွင့်ပြုထား

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများအတွက် လူနာစောင့်တစ်ဦးသာ လိုက်ပါစောင့်ရှောက်ခွင့်ပြုထားခြင်းနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -


ဒေါက်တာမြင့်မြင့်အေး

**ဒေါက်တာမြင့်မြင့်အေး**
**ဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ကျွန်မတို့ ဆေးရုံက နဂိုကတည်းက ဆရာဝန်အင်အား၊ သူနာပြုအင်အား၊ ဝန်ထမ်းအင်အားနည်းတဲ့အတွက်ကြောင့် နဂိုတည်းကလည်း လူနာစောင့်တွေကို စောင့်ခွင့်ပြုခဲ့တယ်။ လူနာစောင့် ခွင့်ပြုခဲ့တယ်ဆိုတာ လူတိုင်းကို ပြုခဲ့တာပါ။

အခုလည်း ကိုဗစ်သံသယဖြစ်တဲ့သူလည်း ကျွန်မတို့တစ်ယောက်တော့ စောင့်ခွင့်ပြုတယ်။ အဲဒါကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်ရှိပါတယ်။ လူနာစောင့်က အသက် ၁၈ နှစ်ကနေ ၄၅ နှစ်ဖြစ်ရမယ်၊ ကျန်းမာသန်စွမ်းတဲ့သူ ဖြစ်ရမယ်၊ ရောဂါအခံ မရှိရဘူး။ ပြီးရင် သူကိုယ်တိုင်က ဒီမှာရောဂါကူးစက်နိုင်တာ သိရှိပါတယ်ဆိုပြီး လက်မှတ်ထိုးပြီး စည်းကမ်းတွေသတ်မှတ်ပြီး စောင့်ခွင့်ပြုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့မှာ သူနာပြုအင်အား နည်းတဲ့အတွက်ကြောင့်ပါ။ ကျွန်မတို့လူမျိုးတွေက သူ့လူနာ၊ သူ့အိမ်က သားသမီး၊ သူ့မိသားစုတစ်ယောက်ရှိရင် အားရှိတာပေါ့။ ဒီလိုမဟုတ်ဘဲ တစ်ယောက်ထဲဆို သူတို့က အားငယ်တယ်။ အဲဒီလို ဟာမျိုးလည်း ရှိမယ်။ ဒါကြောင့် ကျွန်မတို့က ပေးစောင့်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်မတို့ ICU လို့ခေါ်တဲ့ အထူးကြပ်မတ်ကုသဆောင်ကျတော့ တတ်နိုင်ရင် ပေးမစောင့်ဘူး။ ဒါပေမယ့် စောင့်ချင်တယ်လို့ လာပြောရင် ကျွန်မတို့က ပေးစောင့်မယ်။ နောက်ဆုံးအခြေအနေမှာ စိုးရိမ်ရတဲ့ အခြေအနေပေါ့။ ICU ထဲ လူနာရှင်တွေ စောင့်ချင်တယ်ဆိုရင် ကျွန်မတို့ ပေးစောင့်မှာပါ။ ဒါပေမယ့်လည်း ဒီလိုမျိုး အရေးကြီးလူနာတွေကို သူတို့လည်း မလုပ်တတ်ဘူး။ ဆရာဝန်၊ ဆရာမကပဲ လုပ်ပေးမှသာ သူတို့အတွက် အသက်အန္တရာယ်မရှိဘူး။ တော်ကြာ သူ့အိမ်ကလူတစ်ခုခုလုပ်လိုက်လို့ ပြဿနာရှိသွားမှာလည်း ကြောက်တယ်ဆိုတော့ ကျွန်မတို့က စောင့်ချင်တယ်ဆိုရင် ညှိနှိုင်းပြီး ဆောင်ရွက်ပေးတာ ရှိပါတယ်။

အခုလည်း ICU မှာ လူနာ ၂၈ ယောက်ရှိတယ်။ အဲဒီမှာ လူနာစောင့်ရှိတဲ့ ၃ / ၄ ယောက်လည်း ရှိပါတယ်။ တချို့တွေက သူ့အိမ်ကိုက လာမစောင့်နိုင်ဘူး။ Quarantine ဝင်နေလို့၊ သူ့အိမ်မှာ စောင့်ဖို့ လူမရှိဘူးဆိုပြီး။ အခုကျွန်မတို့ အထူးကြပ်မတ်ကုသဆောင်မှာဆိုရင် ဆရာမတွေ၊ Volunteer တွေကနေပြီး အစားလည်း ကျွေးရတယ်။ ကျန်တဲ့ Nursing Care အစားကျွေးတာတို့ အစစအရာရာ အကုန်လုံး ကျွန်မတို့ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ အလုပ်သမား၊ Volunteer တွေကနေ အကုန်လုံးလုပ်ပေးပါတယ်။

ကျန်တဲ့လူနာဆောင်တွေမှာ Positive လူနာဆောင်ရော၊ Negative လူနာဆောင်ရော၊ သံသယလူနာထားတဲ့ PUI လို့ ခေါ်တဲ့ အဲဒီအဆောင်မှာ လူနာစောင့်က တစ်ယောက်စီ ကျွန်မတို့က ခွင့်ပြုထားပါတယ်။ ဒါပေမယ့် အခုကျွန်မတို့ ဆေးရုံမှာ ဖြစ်နေတာက တစ်ယောက်မက လိုက်လာကြတယ်။ အခုက Covid မဟုတ်ဘူး Non-Covid တွေ၊ နယ်တွေက လာပြီး ခါတိုင်းက ကျွန်မတို့က နှစ်ယောက်စောင့်ခိုင်းတယ်။ ထမင်းလာပို့တဲ့သူက တစ်ယောက်ဆိုတော့ သုံးယောက်လောက်ရှိတယ်။

အခုက ကျွန်မတို့ ဒီလိုရောဂါတွေ ကူးစက်မှာမို့လို့ လူနာတစ်ယောက်ဆိုရင် လူနာစောင့်တစ်ယောက်ပဲ စောင့်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အဲဒါကြောင့် လူနာစောင့်တွေက ခါတိုင်းကတော့ ဒီပင်မအဆောင်ကြီးနားက ဝရန်တာမှာ အိပ်ပြီး စောင့်နေကြပေမယ့် အခုက ကိုဗစ်ကူးစက်ရောဂါဖြစ်တဲ့အတွက် ကျွန်မတို့က ခြစ်ည်းရိုးခတ်ပြီး ဘယ်သူမှပေးမဝင်ဘူး။

အဲဒီအတွက် လူနာစောင့်တွေက နေစရာမရှိဘူးဆိုပြီး ဗိုလ်ချုပ်လမ်းပေါ် ရောက်နေကြတာတွေလည်း ရှိနေတာပေါ့နော်။ တကယ်မှာ တချို့လူနာတွေက ပြန်ရမှာပါ။ သူတို့ မြို့နယ်တွေကို တချို့တွေက လွှဲပြောင်းထားတဲ့ လူနာပေါ့နော်။ တစ်ပတ်ကြာရင် ပြန်လာပြ၊ နှစ်ပတ်ကြာရင် ပြန်လာပြဆိုတာ ပြောပေမယ့် တချို့ မပြန်ဘဲနဲ့ ပြန်လာပြရင် ကားမရှိတာကြောက်တာရယ်၊ ပြန်ဖို့ ကားအခက်အခဲရှိတာရယ် အဲဒါတွေကို ကျွန်မတို့က ဆေးလူမှုဆက်ဆံရေးရယ်၊ ဆေးရုံရဲ့ လုံခြုံရေးအဖွဲ့ရယ်၊ ဆေးရုံအုပ်တွေနဲ့ ပူးပေါင်းပြီး ပရဟိတကားတွေကို အကူအညီတောင်းပြီး သူ့နေရပ်ပြန်ချင်တဲ့သူတွေကို ကျွန်မတို့က ပြန်ပို့ပေးတယ်။

တချို့တွေကလည်း ဟိုတုန်းက လူနာစောင့်ကြီးပဲ မဟုတ်ဘူး။ ရန်ကုန်မှာနေတဲ့ တချို့ကလည်း ဒီမှာလာနေကြတာတွေလည်း ရှိတယ်။ အဲဒါတွေကို မကြာခင် ကျွန်မတို့ ဖြေရှင်းမှာပါ။ ပြည်သူလူထုကို ကျွန်မက အသိပေးချင်တာက လူနာစောင့်တစ်ယောက်ပဲ Covid ရော၊ Non-Covid ရော တစ်ယောက်ပဲ လိုက်လာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်ဆိုရင် ကျွန်မတို့က တတ်နိုင်သလောက် ဆေးမှမဝယ်ခိုင်းတာ၊ အကုန်ပေးတယ်ဆိုတော့ လူနာစောင့်မရှိလည်းရတယ်။ တစ်ယောက်ရှိရင် တော်ပြီ။

အခုဟာက တစ်အိမ်လုံး လိုက်လာတယ်။ အရှေ့မှာ ထိုင်စောင့်နေတယ်။ အခုဆေးလူမှုဆက်ဆံရေးနဲ့ စာရင်းတော့ ကောက်ခိုင်းနေတယ်။ လူနာစောင့်က ၂၂ ယောက်ပဲရှိရမှာ အခုက ၆၀ လောက်ရှိတယ်။ **ထက်လျှံ**




◆ *ကျောဖုံးမှ*

ရက်ပစ်ဝီအန်အနိုင်ရသည်။ ယင်းအုပ်စုရပ်တည်မှုတွင် အာဆင်နယ်က ရမှတ် ၁၂မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး နောက်တစ်ဆင့်တက်ရန်သေချာပြီဖြစ်ရာ မိုလ်ဒီနှင့် ရက်ပစ်ဝီအန်က ရမှတ်ခြောက်မှတ်စီတူညီနေပြီး ဒန်ဒေါ့က အမှတ်မရရှိသေးပေ။ အုပ်စု (ည)မှ စပါးနှင့် လူဒိုဂိုရက်ပွဲတွင် စပါးက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရသည်။ **သီဟ**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၃ စီး၊ သွင်းကုန် ၂၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၀၀၀ သန်းရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Daihatsu Hijet, C/O# JAPAN ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လက်နက်ကိုင်ဆောင်ထားသူများနှင့် ကွင်းဆက်များဖော်ထုတ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ လက်နက်ကိုင်ဆောင်ထားသူများနှင့် ကွင်းဆက်များအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် လူအုပ်စုနှစ်စု ခိုက်ရန်ဖြစ်ပွားမည်ဟု သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက သတင်းရရှိသည့် နေရာတစ်ဝိုက် စောင့်ကြည့် ဆောင်ရွက်နေစဉ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၆၆) ရပ်ကွက် ရောဝဏ်လမ်းဘေးတွင် မော်တော်ယာဉ်တစ်စီးနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၆၆) ရပ်ကွက်နေသူများဖြစ်သည့် မြရွှေ (၆၁) နှစ်၊ မျိုးကိုကို (၂၈)နှစ်နှင့် ဖြိုးသူအောင် (၂၉) နှစ်တို့ သုံးဦးအား မသင်္ကာဖွယ် တွေ့ရှိစစ်ဆေးရှာဖွေခဲ့ရာ ဖြိုးသူအောင် လွယ်ထားသော လွယ်အိတ်အတွင်းမှ ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည် ၁၀ တောင့်၊ မျိုးကိုကို လွယ်ထားသော လွယ်အိတ်အတွင်းမှ ပွိုင့် ၂၂ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည် ၁၂ တောင့်နှင့် ဓားဦးချွန် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

စစ်ဆေးချက်အရ ၎င်းတို့ သုံးဦးသည် လောင်းကစားပြုလုပ်ကြသူများဖြစ်ပြီး နယ်မြေဒေသ အသီးသီးသို့ လှည့်လည်၍ လောင်းကစားပြုလုပ်ကြကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၀) ရပ်ကွက်နေ အမျိုးသားတစ်ဦးက ၎င်း၏သားဖြစ်သူ အရိုက်ခံခဲ့ရသဖြင့် လာရောက်ခြိမ်းခြောက် ကြိမ်းမောင်းပြောဆိုခဲ့သည်ကို မကျေနပ်သောကြောင့် ခိုက်ရန်ပြုရန်အတွက် သေနတ်များ သိုဝှက်ယူဆောင်၍ တစ်ဖက်အဖွဲ့အား စောင့်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။


ပြစ်မှုကျူးလွန်သူများနှင့်သိမ်းဆည်းရမိသည့် ပစ္စည်းများ


ထပ်မံသိမ်းဆည်းရမိသည့် လက်နက်နှင့်ဆက်စပ်ပစ္စည်းများ

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဆက်စပ်တရားခံ တစ်ဦးအား ဆက်လက်ဖော်ထုတ်ခဲ့ရာ သံလျင်မြို့နယ် ဘုရားကုန်းကျေးရွာနေအိမ်ခြံဝင်းတစ်ခုမှ ဂက်စ်ဖြင့် ပစ်ခတ်ရသည့် သေနတ်အရှည်ရှစ်လက်၊ အတိုလေးလက်နှင့် ထည့်သွင်းအသုံးပြုရသော ဘောစေ့များ၊ ဒူးလေး တစ်လက်၊ သေနတ်တွင် တပ်ဆင်သည့် ဂက်စ်အိုးငယ် ၁၁ ခု၊ ဂက်စ်ဖြည့်ဘူး ခုနစ်ဘူး၊ စနိုက်ပါမှန်ပြောင်းသုံးခု၊ ကင်ဒိုဓားတစ်ချောင်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဥပဒေမဲ့ လက်နက်ကိုင်ဆောင်ခြင်းများကို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချမှတ်ထားသော စည်းကမ်းများကို မလိုက်နာပါက နှစ်သစ်ကူးတွင် အသွားအလာပိတ်ဆို့မှုနှင့် ကြုံတွေ့ရဖွယ်ရှိဟု ဗြိတိန်ဝန်ကြီးချုပ် သတိပေး

**လန်ဒန် နိုဝင်ဘာ ၂၇**

ဗြိတိန်ပြည်သူများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းများကို မလိုက်နာပါက နှစ်သစ်ကူးကာလတွင် တင်းကျပ်သည့် တတိယအကြိမ်မြောက် အသွားအလာပိတ်ဆို့ကန့်သတ်မှုနှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးခဲ့သည်။

အကယ်၍ ယခုအချိန်၌ စည်းကမ်းလိုက်နာမှုများ လျော့နည်းလာပါက ဗိုင်းရပ်စ်ထိန်းချုပ်မှုတွင်လည်း လစ်ဟာမှုများရှိလာမည်ဟု ပြောကြားခဲ့သည်။ နိုဝင်ဘာ ၂၆ ရက် အစောပိုင်းကလည်း အင်္ဂလန်ရှိ အချို့အစိတ်အပိုင်းများတွင် ကိုဗစ်-၁၉ တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ထားဦးမည်ဖြစ်ပြီး အဆင့်သုံးဆင့်ဖြင့် တင်းကျပ်မှုပြုလုပ်မည်ဟု ကျန်းမာရေးဝန်ကြီး မတ်ဟန်ကော့က ပြောသည်။ တစ်လကြာ အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ကြေညာထားခြင်းသည် လာမည့် သီတင်းပတ်အတွင်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် ဒုတိယအကြိမ်မြောက် အသွားအလာ ပိတ်ဆို့ကန့်သတ်ထားရခြင်းလည်းဖြစ်သည်။ နိုဝင်ဘာ ၂၆ ရက်အထိ ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၁၅၇၈၄၂၉ ဦးရှိပြီးသေဆုံးသူ ၅၇၁၂၈ ဦးရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုများအရ သိရသည်။

**ဆင်ဟွာ**

# ယခုနှစ် နိုဘယ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အွန်လိုင်းမှ တစ်ဆင့်ကျင်းပမည်

**အော်စလို နိုဝင်ဘာ ၂၇**

ယခုနှစ်အတွက် နိုဘယ်ဆုရရှိသူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကြောင့် မိမိတို့နိုင်ငံအတွင်း၌သာ နိုဘယ်ဆု လက်ခံရရှိမည်ဖြစ်သည်။ ပုံမှန်အားဖြင့် နိုဘယ်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပလေ့ရှိပြီး နော်ဝေနိုင်ငံ၌ ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ကာ ဆွစ်ဇာလန်နိုင်ငံတွင် အခြားအမျိုးအစားဆုများကို ချီးမြှင့်သည်။

သို့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ခြိမ်းခြောက်မှုကြောင့် တက်ရောက်မည့်သူများ၏ ကျန်းမာရေးအခြေအနေ လုံခြုံစိတ်ချရမှုရှိစေရေးတွက် အထူးပုံစံဖြင့် အွန်လိုင်းမှသာ ကျင်းပမည်ဟု နိုဝင်ဘာ ၂၆ ရက်တွင် ကြေညာခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ၎င်းတို့ရရှိသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရောမမြို့ရှိ ၎င်းတို့၏ဌာနချုပ်တွင် ဆုလက်ခံရယူရမည်ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အမှုဆောင် ညွှန်ကြားရေးမှူး ဒေးဗစ်ဘီစလေ၏ မိန့်ခွန်းကိုလည်း နိုဘယ်ဆုချီးမြှင့်ရေး တရားဝင်ဆိုက်နှင့် အခြားသောချန်နယ်များမှ ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။ တခြားသောဆုရရှိသူများသည် ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဆုလက်ခံရယူသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားများအားလုံးကို ဒီဇင်ဘာ ၁၀ ရက်၌ စတော့ဟုမ်းမြို့ခန်းမတွင် ပြသမည်ဖြစ်သည်။ အခမ်းအနားကျင်းပသည့် မြင်ကွင်းကိုလည်း အွန်လိုင်းပေါ်မှတစ်ဆင့် မျှဝေပေးသွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# တီဂရေးဒေသတွင် အပြီးသတ်စစ်ဆင်ရေး ဆင်နွှဲမှုစတင်

**အဒစ္စဘာဘာ နိုဝင်ဘာ ၂၇**

အီသီယိုပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးဒေသတွင် တိုင်းရင်းသားလူနည်းစု လက်နက်ကိုင်အဖွဲ့ကို ပစ်မှတ်ထားကာ အစိုးရတပ်များက အပြီးသတ်ထိုးစစ်ဆင်နွှဲမှုကို စတင်ပြီဟု သိရသည်။ လက်နက်ကိုင်အဖွဲ့ဝင်များ အစိုးရထံတွင်လက်နက်ချရန် ရာဇသံပေးထားသည့် အချိန်သတ်မှတ်ချက်မှာလည်း ပြီးဆုံးသွားပြီဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်က အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်သည် တီဂရေးတိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များ ၇၂ နာရီအတွင်း လက်နက်ချရန် တောင်းဆိုခဲ့သည်။ ယခုလအစောပိုင်းအတွင်း တီဂရေးဒေသတွင် အစိုးရအခြေစိုက်စခန်းကို တီဂရေးတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ပြီး နောက်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ အပြစ်မဲ့သည့် ပြည်သူများကို ထိခိုက်စေခြင်းမရှိဘဲ လူနည်းစုလက်နက်ကိုင်တပ်ဖွဲ့အတွက် အမှန်တရားအတိုင်း ဖြစ်စေရန် အခွင့်အရေးပေးခဲ့ပြီးဖြစ်ကြောင်း အီသီယိုပီးယားဝန်ကြီးချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြောက်ပိုင်းဒေသတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် နေအိမ်၌သာနေရန်၊ တိုက်ပွဲပစ်မှတ်များနှင့် ဝေးဝေးတွင် နေထိုင်ကြရန် ၎င်းက တောင်းဆိုခဲ့သည်။ တိုက်ပွဲများကြောင့် အိမ်နီးချင်းဆူဒန်နိုင်ငံသို့ ထွက်ပြေးကြသော ပြည်သူ ၄၀၀၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။

အရပ်သားများ သေကျေပျက်စီးမှုတို့ကြောင့် စိုးရိမ်မိသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။ နှစ်ဖက်စလုံးသည် ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် တင်းမာမှုများကို ဖြေလျှော့ရန်လည်း တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တီဂရေးဒေသမှ ထွက်ပြေးလာသူများကို တွေ့ရစဉ်။

# ဆောင်းတွင်းကာလအတွင်း ဆီးရီးယား၌ အကူအညီလိုအပ်သူ လူပေါင်း သုံးသန်းရှိ

**ဂျီနီဗာ နိုဝင်ဘာ ၂၇**

ကြမ်းတမ်းလှသည့် ဆောင်းတွင်းကာလအတွင်း ဆီးရီးယားနိုင်ငံတစ်လွှားတွင် အကူအညီလိုအပ်သည့် လူပေါင်းသုံးသန်းရှိသည်ဟု ကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးက နိုဝင်ဘာ ၂၅ ရက်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ပြောကြားခဲ့သည်။



နေရပ်စွန့်ပြောင်းနေထိုင်ရသည့် လူငယ်များ တဲများဖြင့်ဆောက်လုပ်ထားသည့် စာသင်ခန်းရှေ့တွင် စုဝေးနေကြစဉ်။

ဆီးရီးယားနိုင်ငံတွင် ပြည်တွင်း၌ နေရပ်စွန့်ပြောင်းနေထိုင်သူ ၆ ဒသမ ၇ သန်းရှိပြီး ၎င်းတို့ထဲမှ သုံးပုံတစ်ပုံမှာ ခိုလှုံရာနေရာ ကင်းမဲ့လျက်ရှိသည်။ ၎င်းတို့မှာ ပျက်စီးနေသည့်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ တဲများတွင် နေထိုင်နေရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးမှ လက်ထောက်ဖြစ်သူ ရာမက်ရှ်ရာဂျာဆင်ဟမ်က ပြောသည်။

လုံလောက်သည့် ခိုလှုံရာနေရာများ၊ စောင်များ၊ အနွေးထည်များနှင့် ဖိနပ်များမရှိဘဲ ဆောင်းရာသီကာလမှာ ၎င်းတို့အတွက် အခက်အခဲနှင့် ရင်ဆိုင်ရမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

စီးပွားရေး အကျပ်အတည်းနှင့် ငွေကြေးတန်ဖိုးလျော့ကျခြင်းတို့ကြောင့် ဆီးရီးယားနိုင်ငံတွင် အစားအသောက်ဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည်။ ယနေ့အချိန်အခါတွင် ဆီးရီးယား၌ လူပေါင်း ၉ ဒသမ ၃ သန်းမှာ အစားအသောက်လုံခြုံ စိတ်ချရမှု မရှိခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ပြီးခဲ့သည့် နှစ်လတာကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းခြောက်ဦးထက်မနည်း သေဆုံးဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# လက်ဘနွန်၌ ရောက်ရှိနေသည့် ကားလို့ဂွန်းစ်ကို ပြင်သစ်တရားသူကြီးများက စစ်ဆေးဖွယ်ရှိ

**တိုကျို နိုဝင်ဘာ ၂၇**

လက်ဘနွန်နိုင်ငံတွင် ရောက်ရှိနေသည့် နစ်ဆန်းကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့ဂွန်းစ်ကို ၎င်းအပေါ် စွပ်စွဲထားသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လာမည့် ဇန်နဝါရီလအတွင်း ပြင်သစ်တရားသူကြီးများက စစ်ဆေးမေးမြန်းရန်ရှိကြောင်း သိရသည်။

ကုမ္ပဏီ၏ ရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်မှု၊ ယုံကြည်မှုကို ချိုးဖောက်မှုများအပါအဝင် အခြားစွပ်စွဲချက်များနှင့်ပတ်သက်၍ ကားလို့ဂွန်းစ်အား တရားရုံးတင်ရန် သင့် မသင့်ကို ပြင်သစ်နိုင်ငံ၌ စစ်ဆေးသုံးသပ်မှုတစ်ခု ပြုလုပ်နေကြောင်း သိရသည်။ တရားသူကြီးများအနေဖြင့် အဆိုပါ အမှုနှင့်သက်ဆိုင်သူများကို စစ်ဆေးမေးမြန်းကာ သက်သေအထောက်အထားများ စုဆောင်းရမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လက်ဘနွန်၌ ရောက်ရှိနေသည့် ကားလို့ဂွန်းစ်ကို ပြင်သစ်တရားသူကြီးများက လာမည့် ဇန်နဝါရီ ၁၈ ရက်မှစတင်ကာ နှစ်ရက်ကြာ စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း အာဏာပိုင်များက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ကျေးဇူးတော်နေ့အထိ အမေရိကန်တစ်ဝန်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရောက်နေရသူ ၉၀၀၀၀ နီးပါးရှိ

ဝါရှင်တန် နိုဝင်ဘာ ၂၇

**နိုဝင်ဘာ ၂၆ ရက် (ကျေးဇူးတော်နေ့) အထိ အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာပေါင်း ၉၀၀၀၀ နီးပါး ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူခဲ့သည်။ အဆိုပါပမာဏသည် ၁၆ ရက်ဆက်တိုက် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသည့် အများဆုံးပမာဏဖြစ်ကြောင်း ကိုဗစ် ခြေရာခံလုပ်ငန်းအဖွဲ့၏ စာရင်းများတွင် ဖော်ပြထားသည်။ နိုဝင်ဘာ ၂၅ ရက်က ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်း ၂၂၈၄ ဦးရှိခဲ့ပြီး အဆိုပါပမာဏသည် မေလ ၇ ရက်မှစကာ အများဆုံး သေဆုံးသည့် ပမာဏဖြစ်သည်။**

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက် သေဆုံးသူဦးရေသည် လာမည့်သီတင်းပတ်လေးပတ်အတွင်း ၁၀၆၀၀ မှ ၂၁၄၀၀ အထိ ထပ်မံတိုးလာနိုင်ကြောင်း ကြိုတင်ခန့်မှန်းထားသည်။

ထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာများရှိ ကိုဗစ်-၁၉ တတိယလှိုင်းသေဆုံးမှုသည် ဆက်လက်တိုးတက်လျက်ရှိကြောင်း နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ဖြစ်စဉ်များ နှစ်ဆခန့်တိုးလာနိုင်ကြောင်း ကိုဗစ်ခြေရာခံလုပ်ငန်းအဖွဲ့၏ စာရင်းများအရ သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုသည် နိုင်ငံတစ်ဝန်း ဆက်လက်ပျံ့နှံ့လျက်ရှိရာ ပြည်နယ်ဒေသတစ်ခုချင်းစီက လွန်ခဲ့သော လေးလအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ အများဆုံးပမာဏကို ဖော်ပြခဲ့သည်။ ဆောင်းရာသီသို့ ဝင်ရောက်လာချိန်တွင် ကိုဗစ်-၁၉ ကူးစက်မှုများသည်လည်း ယခင်ကနှင့်မတူဘဲ ပိုမိုများပြားစွာ ဖြစ်ပွားလျက်ရှိသည်။ ကိုဗစ်-၁၉ ဘေးကင်းလုံခြုံရေးဆောင်ရွက်ချက်များသည်လည်း ထိရောက်စွာ မကာကွယ်ပေးနိုင်ကြောင်း ကိုဗစ်-၁၉ ခြေရာခံလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးအရာရှိများက ကိုဗစ်-၁၉ ကူးစက်မှုကို ရှောင်ရှားနိုင်ရန် ကျေးဇူးတော်နေ့ကို နေအိမ်တစ်ခုအတွင်းရှိ မိသားစုဝင်များနှင့်သာ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြရန် တိုက်တွန်းခဲ့သည်။ အပြင်ဘက်တွင် ဆင်နွှဲပါကလည်း အနည်းဆုံးလူဦးရေဖြင့်သာ ဆင်နွှဲကြရန် ပြောကြားခဲ့သည်။ ခရီးသွားလာခြင်းသည် ကိုဗစ်-၁၉ ကူးစက်မှု ပိုများလာနိုင်ကြောင်း၊ ခရီးသွားလာမှုများကို ရွှေ့ဆိုင်းပြီး နေအိမ်တွင်နေထိုင်ခြင်းက ကိုယ့်ကိုယ်ကိုယ်နှင့် တခြားသူများကို ကာကွယ်ရန် အကောင်းဆုံးဖြစ်ကြောင်း ကျန်းမာရေးအရာရှိများ၏ လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် နိုဝင်ဘာ ၂၆ ရက်အထိ ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ ၁၂ ဒသမ ၈၆ သန်း ကျော်လွန်လာခဲ့ပြီး သေဆုံးသူ ၂၆၃၂၀၀ ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**




**အမေရိကန်ပြည်ထောင်စု ချီကာဂိုပြည်နယ်ရှိ အိုဟဲအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသော ခရီးသွားများ နိုဝင်ဘာ ၂၅ ရက်က လုံခြုံရေးစစ်ဆေးမှု ခံယူနေသည်ကို တွေ့ရစဉ်။**

# ဥရောပတစ်လွှား ကိုဗစ်-၁၉ နောက်ဆုံးဖြစ်စဉ်များ

အောက်ဖော်ပြပါအကြောင်းအရာများသည် ဥရောပနိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ နောက်ဆုံးဖြစ်စဉ်များဖြစ်သည်။

**ပြင်သစ်**

အစိုးရက ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးပြီး အားလပ်ရက်အပန်းဖြေခရီးစဉ်လှုပ်ရှားမှုကို စတင်လိုက်ချိန် ပြင်သစ်နိုင်ငံ၏ နိုဝင်ဘာ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်မှုအရေအတွက်သည်လည်း လျော့နည်းလာခဲ့ပြီး ၁၃၅၆၃ ဦးအထိသာရှိခဲ့သလို ဆေးရုံတက်ရောက် ကုသရသည့် ကိုဗစ်-၁၉ ရောဂါသည်အရေအတွက်လည်း ကျဆင်းလာခဲ့ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြလိုက်သည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက နိုဝင်ဘာလ ၂၆ ရက်အထိ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုကူးစက်ခံရသူအရေအတွက်သည် ၂၁၈၃၆၆၀ အထိရှိလာခဲ့သည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် နိုဝင်ဘာ ၂၅ ရက်နေ့ကထက် နိုဝင်ဘာ ၂၆ ရက်တွင် ၂၇၁၉ ဦး ကျဆင်းလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးသူ ၃၃၉ ဦးနှင့်အတူ စုစုပေါင်းသေဆုံးသူ ၅၀၉၇၅ ဦးအထိ ရောက်ရှိလာခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်အထိ ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၂၉၃၁၀ ရှိခဲ့ကာ နိုဝင်ဘာ ၂၅ ရက်နေ့ထက် ၆၆၂ ဦးလျော့နည်းခဲ့သလို အသက်ရှူအထောက်အကူပြုကိရိယာလိုအပ်သူ ၄၀၁၈ ဦးရှိခဲ့ပြီး ၁၃၀ လျော့နည်းခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ် ဂျင်ကက်စ်တက်က ပြင်သစ်နိုင်ငံတွင် ကပ်ရောဂါနှင့်ပတ်သက်သည့် စိုးရိမ်မှုများ၊ ဖိအားများ တခြား ဥရောပနိုင်ငံများထက် လျော့နည်းကျဆင်းလာကြောင်း သတင်းထောက်များကို နိုဝင်ဘာ ၂၆ ရက်အစောပိုင်းက ပြောကြားလိုက်သည်။

**အီတလီ**

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုင်ရာ သေဆုံးနှုန်းသည် ဆက်လက်တိုးမြင့်လျက်ရှိသော်လည်း ထပ်မံကူးစက်ခံရမှုအရေအတွက်သည် ကျဆင်းလျက်ရှိသည်။ သို့သော်လည်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက အသွားအလာကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ ဖြေလျှော့ပေးခြင်းများကို သတိပေးထားသည်။ အီတလီနိုင်ငံတွင် နိုဝင်ဘာ ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၂၉၀၀၃ ဦးရှိခဲ့ပြီး လွန်ခဲ့သောနေ့ ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေ ၂၅၈၅၃ ဦးထက်ပိုမို တိုးလာခဲ့သည်။ သို့သော်လည်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုစာရင်းတွင် ၁၃ ရက်အတွင်း ၁၀ ကြိမ်မြောက် အနေဖြင့် ကူးစက်ခံရသူ ၃၃၀၀၀ အောက်ကျဆင်းခဲ့သည်။ နိုဝင်ဘာ ၁၃ ရက် က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀၀၀၀ အထိတိုးခဲ့သည်။



**ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အီတလီနိုင်ငံ ဘိုလော့နာမြို့ရှိ ဆန်အော်ဆိုလာ မယ်လ်ပီဂီဆေးရုံရှိ ကိုဗစ်-၁၉ ဌာနတွင် နိုဝင်ဘာ ၁၂ ရက်က ဆေးကုသမှုပြုလုပ်နေသည်ကို တွေ့ရစဉ်။**

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက သိပ္ပံနည်းကျသတိပေးချက်များကို အလေးဂရုပြုလျက်ရှိကြောင်း ရောမအခြေစိုက် သတင်းစာတစ်စောင်ဖြစ်သည့် လာရီပက်ဘလစ်ကာ သတင်းစာတွင်ဖော်ပြထားသည်။ ဝန်ကြီးချုပ်အနေဖြင့် ကျန်းမာရေးဆိုင်ရာစိုးရိမ်ပူပန်မှုများနှင့် အီတလီနိုင်ငံသားများကြား လူကြိုက်များသည့် ဒီဇင်ဘာအားလပ်ရက်များအတွင်း မိသားစုများဆီ သွားရောက်လည်ပတ်ရေးဆိုင်ရာ အခြေအနေများကြား ချိန်ညှိလုပ်ဆောင်ရမည့် အမိန့်တစ်ရပ်ကို ကျင့်သုံးလိမ့်မည်ဖြစ်ကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

**ဂျာမနီ**

ဂျာမနီနိုင်ငံ ဘာလင်မြို့ အောက်လွှတ်တော်တွင် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံအတွင်း တစ်စိတ်တစ်ပိုင်း ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ဒီဇင်ဘာလအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက်က အတည်ပြုပြောကြားလိုက်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းတိုးလာပြီးနောက် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့သည် နိုင်ငံအတွင်း စားသောက်ဆိုင်များ၊ ဘားများ၊ ပြဇာတ်ရုံများနှင့် အပန်းဖြေနေရာများကို ဒီဇင်ဘာ ၂၀ ရက်အထိ တိုးမြှင့်ပိတ်ဆို့မှုများအပါအဝင် တစ်စိတ်တစ်ပိုင်း ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ချမှတ်ကျင့်သုံးရန် နိုဝင်ဘာ ၂၅ ရက်က ဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် သူငယ်ချင်းမိတ်ဆွေများနှင့် မိသားစုများကြား သီးသန့်တွေ့ဆုံမှုများကိုလည်း လူငါးဦးမှ အိမ်ထောင်စုနှစ်စုအထိသာ ကန့်သတ်ခွင့်ပြုထားသည်။ ခရစ္စမတ်အားလပ်ရက်များတွင်မူ ၁၀ ဦးအထိ ကန့်သတ်ခွင့်ပြုထားသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံအတည်ပြုကူးစက်သူအရေအတွက်သည် ၂၂၂၆၈ ဦးရှိမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေသည် ၉၈၃၅၈၈ ဦးအထိ တိုးလာကြောင်းရောဘတ်ကို့ချ်အင်စတီကျု၏ စာရင်းဇယားများအရ သိရသည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်သည် ဆက်လက်တိုးမြှင့်လျက်ရှိကြောင်း သိရသည်။

**အင်္ဂလန်**

အင်္ဂလန်နိုင်ငံတွင် ယခင်ကချမှတ်ခဲ့သော ကန့်သတ်ပိတ်ဆို့မှုများသည် လာမည့်သီတင်းပတ်တွင် ပျက်ပြယ်တော့မည်ဖြစ်ရာ အသစ်ကျင့်သုံးတော့မည့် အဆင့်သုံးဆင့်ရှိ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုအရ တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများနှင့် မကြာမီ ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်တ်ဟန်ကော့ခ်က နိုဝင်ဘာ ၂၆ ရက်တွင် ကြေညာလိုက်သည်။

တင်းကျပ်သည့် အဆင့်သုံးဆင့်ရှိ ကိုဗစ်- ၁၉ ကန့်သတ်ပိတ်ဆို့မှုများကို နိုင်ငံအလယ်ပိုင်း၊ နိုင်ငံအရှေ့မြောက်ပိုင်း၊ နိုင်ငံ အနောက်မြောက်ပိုင်း၊ ဂရိတ်တားမန်ချက်စတာနှင့် ကန့်တ်တို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း ဟန်ကော့ခ်က ပြောကြားလိုက်သည်။ ဒေသအတော်များများတွင် ယခင်ကတည်းက တင်းကျပ်သည့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို ကျင့်သုံးခဲ့သည်။ **ဆင်ဟွာ**



ကုလသမဂ္ဂဆိုင်ရာ အီရန် အမြဲတမ်းကိုယ်စားလှယ် မာဂျစ်တက်ခ်ရာ ဗန်ချီ။

# အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုသည် အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးကို အဟန့်အတားဖြစ်စေကြောင်း အီရန်ပြော

**တီဟီရန် နိုဝင်ဘာ ၂၇**

အီရန်ဆန့်ကျင် အမေရိကန်အရေးယူပိတ်ဆို့မှုများသည် အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအပေါ် ဆိုးကျိုးများသက်ရောက်လျက်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန် အမြဲတမ်းကိုယ်စားလှယ်က နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားလိုက်သည်။

တခြားနိုင်ငံများကို အရေးယူပိတ်ဆို့မှုထက် ပိုမိုဆိုးရွားသည့် အရေးယူပိတ်ဆို့မှုများကို အီရန်နိုင်ငံအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါကန့်သတ်ပိတ်ဆို့အရေးယူမှုများသည် အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေး ဆောင်ရွက်မှုအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေကြောင်း မာဂျစ်တက်ခ်ရာဗန်ချီ၏ ပြောကြားချက်ကို ဖားစ်သတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုများသည် အီရန်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်သုံးစွဲမှုများကို ကန့်သတ်ထားကြောင်း၊ ထို့ကြောင့် အီရန်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကိုတိုက်ဖျက်ရာတွင် လိုအပ်သော ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခွင့်မရကြောင်း တက်ခ်ရာဗန်ချီက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ဖြစ်ပွားသည့်အချိန်မှစကာ နိုဝင်ဘာ ၂၆ ရက်အထိ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက် ၉၀၈၃၄၆ ဦးအထိရှိကြောင်း သိရပြီး သေဆုံးသူ ၄၆၆၈၉ ဦးရှိသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တိုကျိုတွင် ကိုဗစ်-၁၉ ရောဂါကုသရေး ဒုတိယ ဆေးရုံဖွင့်လှစ်မည်

**တိုကျို နိုဝင်ဘာ ၂၇**
တိုကျိုသည် ကိုဗစ်-၁၉ ရောဂါအသင့်အတင့် ခံစားနေရသော လူနာများအတွက် ၎င်း၏ ဒုတိယ ကိုဗစ်-၁၉ ဆေးရုံကို ဖွင့်လှစ်တော့မည် ဖြစ်သည်။

အဆိုပါဆေးရုံသည် ဖူချူမြို့ရှိ ကျန်းမာရေးအဆောက်အအုံကို ပြန်လည်ပြုပြင်မွမ်းမံထားခြင်းဖြစ်ပြီး ဆေးကုသမှုများကို ဒီဇင်ဘာ ၁၆ ရက်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းဆေးရုံသည် တိုကျိုမြို့ တာမာ ဆေးဘက်ဆိုင်ရာဌာန၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

အသစ်ဖွင့်လှစ်တော့မည်ဖြစ်သည့် ဆေးရုံတွင် သက်ကြီးပိုင်း ကိုဗစ်-၁၉ ဝေဒနာသည်များနှင့် ဂျပန် သို့မဟုတ် အင်္ဂလိပ်စကား မပြောတတ်သောနိုင်ငံခြားသားများကို ကုသပေးမည်ဖြစ်ကြောင်း တိုကျိုအာဏာပိုင်များက ပြောကြား သည်။

ခုတင် ၁၀၀ ဆံ့ဆေးရုံရှိ ခုတင် ၃၂ လုံးကို လောလောဆယ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။ ဂျပန်မြို့တော်ရှိ ယခုလိုမျိုး ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် ပထမဆုံးဆေးရုံမှာ ရှီဘူရပ်ကွက်ရှိ တိုကိုင်းတက္ကသိုလ် တိုကျို ဆေးရုံ ဖြစ်သည်။ အဆိုပါဆေးရုံမှာ ခုတင် ၆၀ ဆံ့ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### ကိုဗစ်-၁၉ အလွန် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးရေး တူနီးရှားနှင့် ကမ္ဘာ့ခရီးသွားလာရေး အဖွဲ့အစည်းတို့ ဆွေးနွေး

**တူးနစ် နိုဝင်ဘာ ၂၇**
တူနီးရှားနိုင်ငံနှင့် ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့အစည်းတို့သည် ကိုဗစ်-၁၉ အလွန် ခရီးသွားလာရေးကဏ္ဍတိုးမြှင့်ရန် နည်းလမ်းများကို နိုဝင်ဘာ ၂၆ ရက်က ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို တူနီးရှားနိုင်ငံ တူးနစ်မြို့တွင် ကျင်းပခဲ့ပြီး တူနီးရှားဝန်ကြီးချုပ် ဟိုင်ချမ်မီချီချီနှင့် ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့အစည်း၏ အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် အတွင်းရေးမှူးချုပ် ဇူရက်ပိုလိုလီခါရှဗီလီတို့ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း တူနီးရှားအစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တူနီးရှားနှင့် ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့အစည်းတို့သည် ကိုဗစ်-၁၉ အလွန် နိုင်ငံတကာအဆင့်တွင် တူနီးရှားနိုင်ငံ၏ ခရီးသွားလာရေးနေရာများကို ကမ္ဘာ့လှည့် ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ရေးနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း ပိုလိုလီခါရှဗီလီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ခရီးသွားလာရေးကဏ္ဍသည် တူနီးရှားစီးပွားရေးအခန်းကဏ္ဍတွင် အဓိက အရေးပါသောကိစ္စအဖြစ် ဦးစားပေးဆွေးနွေးခဲ့သည်။

တူနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးခရီးသွားလာရေးနေရာများရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။
**ဆင်ဟွာ**

# လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းဆီ ဦးတည်နေသည့် အီသီယိုပီးယား ပဋိပက္ခ

**•••••• ကလျာမိုးမြင့် ••••••**

**အီသီယိုပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးဒေသက လက်နက်ကိုင်တပ်ဖွဲ့တွေကို လက်နက်ချအညံ့ခံဖို့ အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်က ၇၂ နာရီ (အချိန်သုံးရက်)တိတိ ပေးထားပါတယ်။ အဲဒီအချိန်မှာပဲ အစိုးရတပ်ဖွဲ့တွေဟာ မြို့တော်မက်ကီလီဆီကို ဆက်လက်ချီတက်လာနေပြီဖြစ်ပါတယ်။**

### ပြည်သူတွေ အိုးအိမ်စွန့်ခွာထွက်ပြေးရ

တီဂရေးခေါင်းဆောင်တွေ အနေနဲ့ ပြန်လမ်းမရှိတဲ့ အခြေအနေကို ရောက်နေပြီလို့ ဝန်ကြီးချုပ်က ပြောပါတယ်။ တီဂရေးတောင်တန်းဒေသကို ထိန်းချုပ်ထားတဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (TPLF) ဟာ အစိုးရနဲ့ ဆက်ပြီးတိုက်ခိုက်ဖို့ လိုလားနေတယ်လို့ သိရပါတယ်။ မကြာသေးမီရက်သတ္တပတ်တွေအတွင်း အစိုးရနဲ့ လူမျိုးစုလက်နက်ကိုင် တပ်ဖွဲ့တွေအကြား ဖြစ်ပွားတဲ့ ပဋိပက္ခတိုက်ပွဲတွေကြောင့် ရာနဲ့ချီတဲ့ ပြည်သူတွေ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရပါတယ်။ ပဋိပက္ခကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခု ဖြစ်ပွားလာနိုင်တယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးထားပါတယ်။

### လက်နက်ကြီးနဲ့ ပစ်ခတ်မယ်

အီသီယိုပီးယားစစ်တပ်က မက်ကီလီမြို့ကို အဘက်ဘက်ကနေ ဝန်းရံပိတ်ဆို့မှာဖြစ်ပြီး မြို့ကို လက်နက်ကြီးနဲ့ ပစ်ခတ်မှာဖြစ်တယ်ဆိုတဲ့အကြောင်း စောစောကတည်းက သတိပေးထားခဲ့ပါတယ်။ ညှာတာထောက်ထားနေမှာ မဟုတ်ဘူးလို့ စစ်တပ်ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။

အီသီယိုပီးယားအစိုးရဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ၎င်းရဲ့တပ်ဖွဲ့တွေကို အဓိကကျတဲ့ မြို့တွေမှာ တပ်ဖြန့်နေရာယူစေခဲ့ပါတယ်။ သို့သော်လည်းပဲ ပဋိပက္ခစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ဖုန်းလိုင်းတွေနဲ့ အင်တာနက်လိုင်းတွေကို ဖြတ်တောက်ထားတာကြောင့် သတင်းအချက်အလက်တွေကို အတည်ပြုဖို့ ခက်ခဲသလို ရရှိတဲ့သတင်းတွေကိုလည်း လွတ်လပ်စွာ ခွဲခြားစိစစ်နိုင်ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။

### နောက်ဆုံးအခွင့်အရေး

တီဂရေးခေါင်းဆောင်တွေကို ရည်ညွှန်းပြီး ထုတ်ပြန်ခဲ့တဲ့ နိုဝင်ဘာ ၂၂ ရက် ဖော်ပြချက်မှာ မစ္စတာ အဘီက သင်တို့ ဖျက်လိုဖျက်ဆီးလုပ်ရပ်ဟာ အဆုံးသတ်ချိန်ရောက်လုနီးပြီဖြစ်တယ်။ ဒီတော့ ပြန်လမ်းမရှိတဲ့ အခြေအနေကို ရောက်နေတဲ့ သင်တို့အနေနဲ့ နောက်ထပ် ၇၂ နာရီအတွင်းမှာ အေးအေးချမ်းချမ်း လက်နက်ချအညံ့ခံဖို့နဲ့ နောက်ဆုံးပေးလိုက်တဲ့ အခွင့်အရေးကို အရယူဖို့ တိုက်တွန်းတယ်ဆိုပြီး ဆိုထားပါတယ်။

တီဂရေးလွတ်မြောက်ရေးတပ်ဦး အဖွဲ့သားတွေ အေးအေးချမ်းချမ်း လက်နက်ချအညံ့ခံဖို့သင့်ပြီဖြစ်သလို မက်ကီလီ ဒေသခံပြည်သူတွေအနေနဲ့ နိုင်ငံတော်ကို သစ္စာဖောက်နေတဲ့ အဲဒီအုပ်စုတွေကို တရားမျှတမှုလမ်းကြောင်းဆီ ခေါ်ဆောင်သွားတဲ့နေရာမှာ အစိုးရတပ်ဖွဲ့တွေကို အားပေးကူညီသင့်တယ်လို့ မစ္စတာ အဘီက ပြောပါတယ်။

### အီသီယိုပီးယား လက်မခံ

နိုဝင်ဘာ ၂၁ ရက်က တောင်အာဖရိက သမ္မတ ဆိုင်ရီလ်ရာမာဖိုဆာဟာ အာဖရိကပြည်ထောင်စုရဲ့ ဥက္ကဋ္ဌတစ်ဦးအနေနဲ့ ၎င်းတတ်နိုင်တဲ့ ဘောင်အတွင်းကနေ ပဋိပက္ခအဆုံးသတ်စေရေးအတွက် ဆွေးနွေးပွဲတွေဖြစ်မြောက်အောင် ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေးဖို့ သမ္မတဟောင်းသုံးဦးကို တာဝန်ခန့်အပ်လိုက်ကြောင်း ကြေညာခဲ့ပါတယ်။

ဒါပေမယ့် အဲဒီကမ်းလှမ်းချက်ကို အီသီယိုပီးယားအစိုးရက ပြည်တွင်းဥပဒေ စိုးမိုးရေးမစ်ရှင် လုပ်ရှားမှုတစ်ခုသာဖြစ်တယ်လို့ ထင်မြင်ခဲ့ပြီး လက်မခံခဲ့ပါဘူး။ မိမိတို့အနေနဲ့ ရာဇဝတ်သားတွေနဲ့ ညှိနှိုင်းနေစရာအကြောင်းမရှိဘူး။ ဒီလူတွေကို တရားမျှတမှုဆီအရောက်ပို့ဖို့ ကြိုးပမ်းနေခြင်းသာဖြစ်ပြီး ညှိနှိုင်းရေးစားပွဲပေါ် ဆွဲခေါ်နေတာမဟုတ်ဘူးလို့ အီသီယိုပီးယားဝန်ကြီးချုပ်ရဲ့ ထိပ်တန်းအကြံပေး မာမိုမီရက်သူက ပြောကြားခဲ့ပါတယ်။



ပဋိပက္ခတိုက်ပွဲများဖြစ်ပွားနေသည့် တီဂရေးဒေသမှ ဒေသခံအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### သွားရောက်နိုင်မှာမဟုတ်

အာဖရိကမောင်နှမတွေအနေနဲ့ တီဂရေးခေါင်းဆောင်တွေ လက်နက်ချအညံ့ခံလာအောင် ပိုပြီးဖိအားပေးတာက ဒီထက်ပိုပြီး အကူအညီပေးရာရောက်လိမ့်မယ်။ ဒီအတွက်ကြောင့် ဘယ်သူကမှ တီဂရေး သို့မဟုတ် မက်ကီလီကို သွားဖို့မလိုဘူးလို့ မစ္စတာ မာမိုက ဆိုပါတယ်။ လာမယ့်ရက်အနည်းငယ်အတွင်းမှာ အီသီယိုပီးယားသို့ ရောက်ရှိလာကြမယ့် မိုဇမ်ဘစ်၊ လိုက်ဘေးရီးယားနဲ့ တောင်အာဖရိက ခေါင်းဆောင်ဟောင်းတွေအနေနဲ့ တီဂရေးမှာ လက်ရှိလုပ်ဆောင်နေတဲ့ စစ်ဆင်ရေးကြောင့် အဲဒီကိုသွားရောက်နိုင်မှာ မဟုတ်ဘူးလို့ သိရပါတယ်။

ပဋိပက္ခတိုက်ပွဲတွေ စတင်ဖြစ်ပွားချိန်ကတည်းက ဆက်သွယ်ရေးလမ်းကြောင်းတွေနဲ့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုမှန်သမျှဟာလည်း အကြီးအကျယ် ပြတ်တောက်ခဲ့ပါတယ်။ တီဂရေးမှာရှိတဲ့ ပြည်သူတွေဆီ လိုအပ်တဲ့ အရေးပေါ် အကူအညီတွေကို ကုလသမဂ္ဂ အေဂျင်စီတွေက ပေးပို့နိုင်ဖို့အတွက် အစိုးရက အတတ်နိုင်ဆုံး ကြိုးစားနေတယ်လို့ ဆိုပါတယ်။

### ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်း

တီဂရေးပြည်သူ့လွတ်မြောက်ရေးတပ်ဦးအဖွဲ့နဲ့ အီသီယိုပီးယားဗဟိုအစိုးရတို့အကြား ကြာမြင့်စွာဖြစ်ပွားနေခဲ့တဲ့ တင်းမာမှုကနေ ယခုပဋိပက္ခပေါက်ဖွားလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ပြည်လုံးကျွတ်ရွေးကောက်ပွဲကို ဝန်ကြီးချုပ် မစ္စတာ အဘီက ရွှေ့ဆိုင်းလိုက်ရာကနေ တင်းမာမှုတွေ အရှိန်မြင့်ကြီးထွားလာခဲ့ရပါတယ်။ တီဂရေး လွတ်မြောက်ရေးတပ်ဦးက လုပ်ပိုင်ခွင့်အာဏာ လက်လွှတ်ရတော့မယ့် ဝန်ကြီးချုပ်မစ္စတာအဘီရဲ့ ဗဟိုအစိုးရအဖွဲ့ကို တရားမဝင်ဘူးလို့ ရှုမြင်နေပါတယ်။

### ထိုးစစ်ဆင်ကြောင်းကြေညာ

ပြီးခဲ့တဲ့ နိုဝင်ဘာ ၄ ရက်မှာ အီသီယိုပီးယားဝန်ကြီးချုပ်က တီဂရေးလွတ်မြောက်ရေး တပ်ဦးကို ထိုးစစ်ဆင်ကြောင်း ကြေညာခဲ့ပါတယ်။ TPLF တပ်ဖွဲ့တွေက မက်ကီလီမှာရှိတဲ့ စစ်တပ်ရဲ့ မြောက်ပိုင်းစစ်ရေးညွှန်ကြားမှုရုံးကို တိုက်ခိုက်မှု လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ စစ်ဆင်ရေးကြေညာလိုက်တာဖြစ်ပါတယ်။ တီဂရေးလွတ်မြောက်ရေးတပ်ဦးကတော့ စွပ်စွဲချက်ကို မဟုတ်ကြောင်း ငြင်းဆန်ထားပါတယ်။

အခုအချိန်အထိကတော့ ပဋိပက္ခဖြစ်ပွားရာဇုန်ထဲကို ဘယ်အကူအညီပေး အဖွဲ့အစည်းတွေကမှ ဝင်ရောက်ခွင့် မရှိသေးပါဘူး။ နိုဝင်ဘာလကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေအတွင်းမှာ ထောင်နဲ့ချီတဲ့ အပြစ်မဲ့ ပြည်သူတွေ သေဆုံးသွားနိုင်တဲ့အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတွေက စိုးရိမ်ပူပန်နေပါတယ်။ နိုင်ငံအတွင်းက ဒုက္ခသည် ၃၃၀၀၀ ထက်မနည်းဟာ ဆူဒန်နိုင်ငံကို ထွက်ပြေးသွားကြပြီလို့ သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

- ❖ **ပြီးခဲ့တဲ့ဇွန်လအတွင်းမှာ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ပြည်လုံးကျွတ် ရွေးကောက်ပွဲကို ဝန်ကြီးချုပ် မစ္စတာ အဘီက ရွှေ့ဆိုင်းလိုက်ရာကနေ တင်းမာမှုတွေ အရှိန်မြင့်ကြီးထွားလာ**
- ❖ **အခုအချိန်အထိကတော့ ပဋိပက္ခဖြစ်ပွားရာဇုန်ထဲကို ဘယ်အကူအညီပေး အဖွဲ့အစည်းတွေကမှ ဝင်ရောက်ခွင့် မရှိသေးပါဘူး။ နိုဝင်ဘာလကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေအတွင်းမှာ ထောင်နဲ့ချီတဲ့ အပြစ်မဲ့ ပြည်သူတွေ သေဆုံးသွားနိုင်တဲ့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတွေက စိုးရိမ်ပူပန်နေ**

# အသေးစားချေးငွေရရှိရေး ဆွေးနွေးနေ



အသေးစားငွေချေးရခြင်းဟာ ကျွန်မတို့ရဲ့ အခြေခံလူတန်းစား၊ ကျွန်မတို့ ပြည်သူလူထု တော်တော်များများအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ် ဆိုတာတော့ သဘောပေါက်ပါတယ်။ ဒါကြောင့် ချေးငွေလိုအပ်တဲ့ ပြည်သူတွေ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းလေးတွေကို ပံ့ပိုးဖို့အတွက်၊ ချေးငွေလိုအပ်တဲ့ ပြည်သူများ ရနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ကျွန်မတို့ စပြီး ဆွေးနွေးနေပါတယ်။ မကြာမီ နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ ဘယ်လိုအစီအစဉ်တွေ ရှိတယ်ဆိုတာ ပြည်သူတွေကို တင်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့လည်း ကျွန်မတို့ တတ်နိုင်သမျှ လုပ်နေပါတယ်။ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့လည်း ယုံကြည်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လေးမျက်နှာမြို့နယ်အတွင်းရှိ မြို့အဝင်အထွက်များတွင် ဖွင့်လှစ်ထားရှိသော ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးရေးဂိတ်များကို လိုက်လံကြည့်ရှု

**လေးမျက်နှာ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် ကိုဗစ်–၁၉ ရောဂါစစ်ဆေးရေးဂိတ်များသို့ သွားရောက် ပြီး စစ်ဆေးရေးဂိတ်များတွင် ကိုဗစ် –၁၉ ရောဂါစစ်ဆေးရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ခရီးသွားမှတ်တမ်းရယူနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေး၍ စစ်ဆေးရေးဂိတ်များတွင် လိုအပ်သည်များ သုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်ငါးသိန်းကို တာဝန်ရှိသူများထံ ပေးအပ်သည်။ **(ယာအပေါ်ပုံ)**



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ လေးမျက်နှာမြို့နယ်တွင် စွန့်လွှတ်မြေများအား ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ပြင်ဆင်ချမှတ်ထားသော မူဝါဒများနှင့်အညီ သိမ်းဆည်းခံလယ်မြေများကို စိစစ်ဆောင်ရွက်ပြီး မူလတောင်သူများသို့ မြေယာပြန်လည်ပေးအပ်ခြင်းများ၊ လျော်ကြေး/နစ်နာကြေး ပေးအပ်ခြင်းများကို မူလတောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အလေအလွင့်မဖြစ်စေရေး၊ မှန်မှန်ကန်ကန်ဖြစ်စေရေးတို့အတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ စွန့်လွှတ်မြေများကို မူလပိုင်ရှင် ၁၈ ဦးထံသို့ ဧရိယာ ၇၄ ဒသမ ၇၈ ဧကကို ပုံစံ(၃)ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စွန့်လွှတ်မြေများကို မူလပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးပါသော ခရိုင်/မြို့နယ်လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ကိုလည်း အသိအမှတ်ပြုကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက မူလတောင်သူ ၁၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၃)ပေးအပ်ခဲ့ပြီး ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၃) ရရှိသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

❒ *ကျော့ဖုံးမှ*

- ယနေ့ **သေဆုံးသူ (၁၉) ဦး** မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၆) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၂၇) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၂၄) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၉၀၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ခေတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၈၀၅) ဦးတွင်–
  - Hotel Quarantine – (၁၉၂) ဦး
  - Facility Quarantine – (၂၉၆) ဦး
  - Community Based Facility Quarantine – (၁,၀၉၆) ဦး
  - Anosmia Center – (၂၂၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၆၃၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁၀၅ |
| | | မရမ်းကုန်း | ၉၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈၁ |
| | | ရွှေပြည်သာ | ၆၃ |
| | | အင်းစိန် | ၅၅ |
| | | သဃ်ဃန်းကျွန်း | ၅၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၅၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၅ |
| | | မြောက်ဥက္ကလာပ | ၄၁ |
| | | တာမွေ | ၃၄ |
| | | မင်္ဂလာတောင်ညွန့် * | ၃၀ |
| | | တောင်ဥက္ကလာပ | ၂၇ |
| | | လှိုင်သာယာ | ၂၆ |
| | | မှော်ဘီ | ၂၄ |
| | | သန်လျင် | ၂၀ |
| | | လှိုင် | ၁၉ |
| | | တိုက်ကြီး | ၁၉ |
| | | ကျောက်တန်း | ၁၈ |
| | | သာကေတ | ၁၇ |
| | | ဆိပ်ကြီးခနောင်တို | ၁၇ |
| | | ထန်းတပင် | ၁၆ |
| | | ကြည့်မြင်တိုင် | ၁၆ |
| | | ဗဟန်း | ၁၅ |
| | | လမ်းမတော် | ၁၄ |
| | | ကမာရွတ် | ၁၀ |
| | | စမ်းချောင်း | ၁၀ |
| | | ဒဂုံဆိပ်ကမ်း | ၁၀ |
| | | ရန်ကင်း | ၇ |
| | | လသာ | ၇ |
| | | ပုဇွန်တောင် | ၇ |
| | | ဒလ | ၆ |
| | | ဗိုလ်တထောင် | ၆ |
| | | အလုံ | ၆ |
| | | တွံတေး | ၆ |
| | | လှည်းကူး | ၆ |
| | | သုံးခွ | ၅ |
| | | ခရမ်း | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | ဒေါပုံ | ၂ |
| | | ဒဂုံ | ၂ |
| | | စုစုပေါင်း | ၁၀၀၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၅၃ |
| | | ချမ်းအေးသာစံ | ၄၉ |
| | | အမရပူရ | ၄၀ |
| | | ချမ်းမြသာစည် | ၃၇ |
| | | အောင်မြေသာစံ | ၃၅ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | ပုသိမ်ကြီး | ၉ |
| | | ညောင်ဦး * | ၈ |
| | | ရမည်းသင်း | ၅ |
| | | မိတ္ထီလာ | ၄ |
| | | မြင်းခြံ | ၄ |
| | | တောင်သာ | ၃ |
| | | ကျောက်ပန်းတောင်း | ၃ |
| | | မြစ်သား | ၂ |
| | | ပျော်ဘွယ် | ၂ |
| | | မတ္တရာ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | စဉ့်ကူး | ၁ |
| | | တံတားဦး | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၂၇၀ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၈၃ |
| | | ညောင်လေးပင် | ၂၄ |
| | | ဝေါ | ၉ |
| | | ကဝ | ၄ |
| | | ပြည် | ၄ |
| | | ဖီးကုန်း | ၄ |
| | | ဖြူး | ၃ |
| | | သာယာဝတီ | ၃ |
| | | ဒိုက်ဦး | ၃ |
| | | သနပ်ပင် | ၂ |
| | | ပေါက်ခေါင်း | ၂ |
| | | ကြို့ပင်ကောက် | ၁ |
| | | အုတ်ဖို | ၁ |
| | | အုတ်တွင်း | ၁ |
| | | စုစုပေါင်း | ၁၄၄ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၁၉ |
| | | မော်လမြိုင်ကျွန်း | ၁၀ |
| | | ဘိုကလေး | ၉ |
| | | ပုသိမ် | ၄ |
| | | ကျိုက်လတ် | ၄ |
| | | ညောင်တုန်း | ၄ |
| | | ကန်ကြီးထောင့် | ၂ |
| | | ဒေးဒရဲ | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၅၄ |
| ၅။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂၈ |
| | | ဘားအံ | ၁၂ |
| | | လှိုင်းဘွဲ့ | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၂ |
| | | စစ်ကိုင်း | ၁၀ |
| | | ယင်းမာပင် | ၅ |
| | | ခင်ဦး | ၁ |
| | | အရာတော် | ၁ |
| | | မုံရွာ | ၁ |
| | | မြင်းမူ | ၁ |
| | | တန့်ဆည် | ၁ |
| | | စုစုပေါင်း | ၃၂ |
| ၇။ | ရခိုင်ပြည်နယ် | စစ်တွေ | ၆ |
| | | ကျောက်တော် | ၅ |
| | | ဘူးသီးတောင် | ၃ |
| | | တောင်ကုတ် | ၃ |
| | | ပေါက်တော | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၈။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၀ |
| | | မြိုင် | ၂ |
| | | ချောက် | ၁ |
| | | မင်းဘူး | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၉။ | နေပြည်တော် | ပုဗ္ဗသီရိ | ၁၄ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၀။ | ရှမ်းပြည်နယ် | ရပ်စောက် | ၅ |
| | | လားရှိုး | ၂ |
| | | တောင်ကြီး | ၂ |
| | | မူဆယ် | ၁ |
| | | နောင်ချို | ၁ |
| | | တန့်ယန်း | ၁ |
| | | ကလော | ၁ |
| | | နမ့်ဆမ် | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၁။ | မွန်ပြည်နယ် | မော်လမြိုင် * | ၇ |
| | | သထုံ | ၆ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၂။ | ကချင်ပြည်နယ် | ဖားကန့် | ၄ |
| | | မိုးမောက် | ၂ |
| | | ဝိုင်းမော် | ၂ |
| | | ဗန်းမော် | ၁ |
| | | မိုးညှင်း | ၁ |
| | | မြစ်ကြီးနား | ၁ |
| | | တနိုင်း | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | ဟားခါး | ၁ |
| | | ပလက်ဝ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၂ |
| | | စုစုပေါင်း | ၂ |
| | (၂၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၆၃၉) ဦး |

* မော်လမြိုင်မြို့နယ်မှ (၅) ဦး၊ ညောင်ဦးမြို့နယ်မှ (၁) ဦးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ (၁) ဦး တို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၂၆-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၆၃၉) ဦးတွင် အနံ့မရရှိသူ (၂၇၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၂၈) ကြိမ်မြောက်အဖြစ် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။




ထို့ပြင် ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၆ ဦးအား ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၂) ကြိမ်မြောက် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည် ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင်ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည် ခေါ်ဆောင်ရန် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြစ်ကြောင်းနှင့် အင်းအတွင်း တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဇလွန် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းဇော်၊ ဟသ်ာတခရိုင် ငါးဦးစီးရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်ပို့တစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများသည် ရေလဲကျေးရွာနှင့် မြစ်ဝကျေးရွာအုပ်စုရှိ နန်းတော်ကျွန်းပေါ် သစ်ထုံးအင်းနှင့် ဇလွန်မြစ်ကြောင်းအတွင်း ဘက်ထရီရှော့တိုက်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းနည်း/ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးထုတ်လုပ်ရောင်းချမှုမရှိစေရေး ယမန်နေ့က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၇-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၂၄၉၄၄၇ | ၇၈၄၉၇၁၈ | ၂၆၉၅၉၇ |
| ၂။ | အိန္ဒိယ | ၉၃၀၉၈၇၁ | ၈၇၁၈၅၁၇ | ၁၃၅၇၅၂ |
| ၃။ | ဘရာဇီး | ၆၂၀၄၅၇၀ | ၅၅၂၈၅၉၉ | ၁၇၁၄၉၇ |
| ၄။ | ရုရှား | ၂၂၁၅၅၃၃ | ၁၇၁၂၁၇၄ | ၃၈၅၅၈ |
| ၅။ | ပြင်သစ် | ၂၁၈၃၆၆၀ | ၁၅၈၂၃၆ | ၅၀၉၅၇ |
| ၆။ | စပိန် | ၁၆၃၇၈၄၄ | စိစစ်ဆဲ | ၄၄၃၇၄ |
| ၇။ | ဗြိတိန် | ၁၅၇၄၅၆၂ | စိစစ်ဆဲ | ၅၇၀၃၁ |
| ၈။ | အီတလီ | ၁၅၀၉၈၇၅ | ၆၆၁၁၈၀ | ၅၂၈၅၀ |
| ၉။ | အာဂျင်တီးနား | ၁၃၉၉၄၃၁ | ၁၂၂၆၆၆၂ | ၃၇၉၄၁ |
| ၁၀။ | ကိုလံဘီယာ | ၁၂၈၀၄၈၇ | ၁၁၈၁၇၅၃ | ၃၆၀၁၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၁၂၅၈၁ | ၄၃၇၄၅၆ | ၁၆၅၂၁ |
| ဖိလစ်ပိုင် | ၄၂၅၉၁၈ | ၃၈၇၆၁၆ | ၈၂၅၅ |
| မြန်မာ | ၈၆၆၃၃ | ၆၅၉၇၂ | ၁၈၆၅ |
| မလေးရှား | ၆၁၈၆၁ | ၅၀၂၀၄ | ၃၅၀ |
| စင်ကာပူ | ၅၈၁၉၉ | ၅၈၁၀၄ | ၂၈ |
| ထိုင်း | ၃၉၆၁ | ၃၇၉၀ | ၆၀ |
| ဗီယက်နမ် | ၁၃၃၉ | ၁၁၇၀ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၇ | ၂၉၈ | ၀ |
| ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၄ | ၀ |

## ကော့သောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ဌာနဆိုင်ရာများ၊ INGO နှင့် NGO အဖွဲ့များ ပူးပေါင်းပြီး နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး

**ကော့သောင်း နိုဝင်ဘာ ၂၇**

ပြည်တွင်းကူးစက်မှု မြင့်တက်ဖြစ်ပွားလာနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကော့သောင်းမြို့တွင် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ အလေးထားဆောင်ရွက်နေကြသကဲ့သို့ မြို့ခံလုပ်ငန်းရှင်များ၊ INGO နှင့် NGO အဖွဲ့များက ရောဂါထိန်းချုပ်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုအဖြစ် ယနေ့နံနက်ပိုင်းက မြို့နေပြည်သူများကို ပါးစပ်နှာခေါင်းစည်း လိုက်လံဝေငှသည့် လှုပ်ရှားမှုလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(FED)နှင့် မိတ်ဖက်အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းကာ မြို့အချက်အချာ အသွားအလာများပြားရာ ကမ်းနားလမ်းနှင့် ပိတောက်ရွှေဝါရပ်ကွက်၊ အဝိုင်းပတ်လမ်းဆုံတို့တွင် သွားလာနေကြသည့် ပြည်သူများအား ပါးစပ်နှာခေါင်းစည်း အခု ၃၀၀၀ ကျော်ကို လိုက်လံဝေငှ တပ်ဆင်ပေးခဲ့ကြပြီး ကျန်းမာရေးအသိသတိရှိကြဖို့ အပြင်ထွက်တိုင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြဖို့ အသိပေးစာတန်းများ ကိုင်ဆောင်သတိပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်ဝေငှခြင်းများ၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ (ယာပုံ)

လမ်းထွက်သွားလာနေကြသူအများစုသည် နှာခေါင်းစည်း တပ်ဆင်ကြသော်လည်း စည်းကမ်းမလိုက်နာသည့် ပြည်သူတချို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေဖို့ အပြင်ထွက်တိုင်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ကြဖို့ ရောဂါကာကွယ်ရေး ပညာပေးတေးသီချင်း သရုပ်ဖော်မှုများဖြင့် မြို့၏ ရောဂါထိန်းချုပ်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကိုပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင် ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မကွေးမြို့နယ်၌ ကိုဗစ်-၁၉ ကာလ မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးပေး

**မကွေး နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို နိုဝင်ဘာ ၂၆ ရက်က ဝက်တိုးကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် ဝက်တိုးကျေးရွာတွင် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝက်တိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပဉ္စမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၇၀ အတွက် ငွေကျပ်သိန်း ၂၈၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၇၉ ဦးအတွက် ငွေကျပ် ၁၄၈ ဒသမ ၅ သိန်း စုစုပေါင်း အသင်းဝင် ၁၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂၈ ဒသမ ၅ သိန်းကို ငွေတစ်ရာကျပ်လျှင် အတိုးနှုန်းပြား ၅၀ ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၃၆ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဝက်တိုးကျေးရွာအပါဝင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာပေါင်း ၁၆ ရွာကို ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေများ ထုတ်ချေးပေးရာတွင် လူစုလူဝေး မဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်စေကာ ထုတ်ချေးပေးခဲ့ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဂျိုင်းလော(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၀)

*နိုဝင်ဘာ ၂၅ ရက်မှအဆက်*

| စဉ် | ကုမ္ပဏီလုပ်ငန်း/အမည် | လိပ်စာ |
|---|---|---|
| ၆၄၂ | ဘ၀ချိန်ခွင် ကုမ္ပဏီလီမိတက် | အမှတ် (၁၁၅)၊ မြေညီထပ်၊ (၁၅၇) လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၄၃ | ပါရမီ အချိုခြောက်လုပ်ငန်း | ကွမ်းဟယ်ရွာ၊ မင်းကုန်းရွာ၊ မန်ကောင်ရပ်ကွက်၊ ကျောက်မဲခရိုင်၊နမ့်ဆန်မြို့နယ် |
| ၆၄၄ | ရွှေဖြူမိုး ရာဘာစိုက်ပျိုး ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် | အမှတ် (၄၇)၊ အင်ကြင်းမြိုင်လမ်းသွယ်-၅ ၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ |
| ၆၄၅ | ဒေါ်ရှောက်ဖာဆိုက် ကြက်မွေးမြူရေး လုပ်ငန်း | ပတ်တန်းအုပ်စု၊ အရှေ့ပတ်တန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၄၆ | ရွှေနဂါး ဆန်စက် | ပါဒကြီးရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၄၇ | T & K ပုံနှိပ်နှင့် စာအုပ်ချုပ်လုပ်ငန်း | အမှတ် (၁၈/၇၆)၊ အင်း၀လမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၆၄၈ | United Shwe Naing Ngan Print Group Co., Ltd. | No.88/B, Kabaaye Pagoda Road, Sayarsan Quarter,Bahan Tsp, Yangon |
| ၆၄၉ | APEX EMPIRE Co., Ltd. (လက်ဖက်ခြောက် ထုတ်လုပ်ရေးလုပ်ငန်း) | အမှတ်-၂ G၊ မိုးကောင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ် |
| ၆၅၀ | DaNaWaDi Rice Machine | Chaung Twin Village, Own Pin Da Ni Kyun, Phar Pone Township, Ayeyarwady Division |
| ၆၅၁ | The Baking Factory | ၅၉ လမ်း၊ ကနောင်မင်းသားကြီး၊ စက်မှုဇုန် (၂) |
| ၆၅၂ | မြသီတာ ဆန်စက်(၂) | အမှတ်(၁)၊ မြဟေမာစက်မှုဇုန်၊ ကွယ်လွယ်၊ မြောင်းမြမြို့နယ်၊ ဧရာ၀တီတိုင်းဒေသကြီး |
| ၆၅၃ | Khaing Myanmar Honest Group Co., Ltd. | Block-29, No.9/10, Nawaday Garden Housing, Hlaing Tharyar Tsp, Yangon |
| ၆၅၄ | ဥဒေါင်းနေခြည် ကုမ္ပဏီလီမိတက် | အမှတ်(၄)၊ ပထမထပ်၊ အင်္ဂပူလမ်း၊ စမ်းချောင်း၊ ရန်ကုန် |
| ၆၅၅ | ဦးကျော်ကျော်ထွန်း (ပင်လယ်ငါးဖမ်းလုပ်ငန်း) | ရွှေဇင်ယော်ဟိန်းတံတား၊ လှိုင်မြစ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၅၆ | ဦးအောင်လွင်+ ဒေါ်ခင်မာဝေ ငါးဖမ်းလုပ်ငန်း | အမှတ်(၁၁၇)၊ မင်္ဂလာလမ်း၊ ကြောင်ငယ်ရပ်၊ မြိတ်မြို့ |
| ၆၅၇ | MAY YU MARINE PRODUCTS COMPANY LIMITED | အမှတ် (၅၂၅)၊ တ/ ဒ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၅၈ | ဒေါ်ခင်စံပယ် ကမ်းဝေးငါးဖမ်းလုပ်ငန်း | A-5, ကုန်တိုက်အနောက်လမ်း၊ သာကေတရပ်ကွက်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း |
| ၆၅၉ | Shwe Yee Hteik Htar Co., Ltd. | ၁၄ လမ်း၊ ၈၆-၈၇ လမ်း၊ မန္တလေးမြို့၊ အမှတ် (၇၀)၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာဇံမြို့နယ် |
| ၆၆၀ | ဦးသန်းဝင်း ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးနှင့်ကမ်းဝေးငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာ၀တီတိုင်းဒေသကြီး |
| ၆၆၁ | ဦးသန်းဝင်းလှိုင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် ၁၀(က)၊ ပဒေသာလမ်း၊ စော/တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန် |
| ၆၆၂ | အောင်မြသန်း ငါးမွေးမြူရေးလုပ်ငန်း | ကညင်ကိုင်းကျေးရွာအုပ်စု၊ ကျိုက်လတ်မြို့နယ်၊ ဧရာ၀တီတိုင်းဒေသကြီး |
| ၆၆၃ | ဦးခင်ထွန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၁၆)၊ ရုံးကြီးလမ်း၊ (၃) လွှာ၊ ကြည့်မြင်တိုင် |
| ၆၆၄ | ဦးဝင်းအောင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၄၄)၊ မြစ်ငယ်ရပ်၊ ဖိုးသာအောင်ခြံလမ်း၊ မြိတ်မြို့ |
| ၆၆၅ | ချမ်းသာကြီး ကမ်းနီးပိုက်မျှောလုပ်ငန်း | တိုးကျေးရွာ၊ ဒေးဒရဲမြို့နယ် |
| ၆၆၆ | အားသစ် ငါးမွေးမြူရေးနှင့်ငါးသားပေါက်လုပ်ငန်း | နန်းဦးလွင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ် |
| ၆၆၇ | ပင်လယ်ပြာ ငါးမွေးမြူရေးလုပ်ငန်း | အမှတ်(၃၃၂)၊ ဗျောသလန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာ၀တီတိုင်းဒေသကြီး |
| ၆၆၈ | MYANMAR CHEMICAL MARTCOMPANY LIMITED | အမှတ်(၈၃)၊ ဧရာ၀တီလမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၆၉ | ဟိန်းခန ဆန်စက်လုပ်ငန်း | အမှတ် (၂)၊ အပြင်ဈေးတောင်ပိုင်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၀ | နန်းထိပ်ခေါင် ကုမ္ပဏီလီမိတက် | (၄၁-၄၂) လမ်းနှင့် (၆၂-၆၃) ကြား၊ နှင်းဆီလမ်းသွယ်၊ အမှတ် (Na4/87)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၆၇၁ | တိုးလျှံဖြိုး ဆန်စက် | ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊မန္တလေးတိုင်းဒေသကြီး |
| ၆၇၂ | စိန်သစ် စက်မှုလက်မှု ပဲ၊ စပါး ခြွေလှေ့စက်လုပ်ငန်း | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ထန်းကုန်းရွာ |
| ၆၇၃ | သာကိုး မာရီတိုင်း ကုမ္ပဏီလီမိတက် | အမှတ် (၁၂၄/၁၂၆)၊ ပထမထပ်၊ လမ်း (၅၀) အလယ်ဘလောက်၊ အမှတ်(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇၄ | Eadite Parla Company | F-21, Sabei Street, Chan Thar Shwe Pyi Housing, No.(10) Extension Ward, East Dagon Tsp, Yangon |
| ၆၇၅ | အေးချမ်းရိပ် သစ်ခွဲစက်နှင့် သစ်အချောထည်လုပ်ငန်း | အမှတ် (၂၇၅)၊ (၇) လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇၆ | ဘဲလေး အထူးချုပ်ဖိနပ် လုပ်ငန်း | အမှတ် (၂၂၄)၊ ဝဇီရာ (၁) လမ်း၊ (စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇၇ | Royal Alpha Co., Ltd. | အမှတ် (၁၈/ဂ)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇၈ | PEARL YADANA SOFTWARE SOLUTION COMPANY | အမှတ်(၆၇)၊ ပထမထပ် အလယ်ခန်း၊ အထက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇၉ | ရွှေမြင့်မို (ခ) ရွှေမြင့်သူ ဆားစက် | မြစန္ဒာရပ်ကွက်၊ မြောင်းမြမြို့ |
| ၆၈၀ | ဦးမြင့်ဦး ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် ၄၇၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် |
| ၆၈၁ | ဦးမြင့်လွင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၃)၊ စံပယ်လမ်းသွယ် (၃) လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန် |
| ၆၈၂ | ဒေါ်ခင်ခင်ဝင်း ကြက်မွေးမြူရေးလုပ်ငန်း | အမှတ် (၃၆)၊ စည်ပင်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန် |
| ၆၈၃ | ရွှေအိမ်နှင့် သားများ | အမှတ် (၁၁၃ )၊ နယ်မြေ (၁)၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| ၆၈၄ | Lotus Himiko Co., Ltd. | အမှတ်- D ၊ ၂၃/၂၄၊ မေခလမ်း၊ မေခရိပ်သာ၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၆၈၅ | Brave Ocean Service Company Limited | အမှတ် (၅၀)၊ နှင်းဆီမြိုင်လမ်း၊ ၂၇ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန် |
| ၆၈၆ | ဦးစိုးမင်းဝင်း ငါးမွေးမြူရေးအစာနှင့် ငါးမွေးမြူရေးလုပ်ငန်း | တွံတေးမြို့နယ်၊ သဝန်းတောကျေးရွာအုပ်စု၊ ကျွဲသလင်းကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၈၇ | ဦးကျော်ဝင်း ငါးမွေးမြူရေးလုပ်ငန်း | သဝန်းတောကျေးရွာအုပ်စု၊ ကျွဲသလင်းကျေးရွာ၊ တွံတေးမြို့နယ် |
| ၆၈၈ | သင်းပျံ့မွှေး မုန့်လုပ်ငန်း | ဗိုလ်ချုပ်လမ်းနှင့် ဖွားဘက်တော်လမ်းထောင့်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၈၉ | ဦးနီလင်း ဂုံလျှော်ဘေထုပ်လုပ်ငန်း | ပတ္တော်ကျေးရွာ၊ မိုးညိုမြို့နယ်၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၆၉၀ | Shwe Kyun Swel Trading Company Limited | အမှတ်(၁၂၃၉)၊ သီရိဇေယျာလမ်း၊ (၅) ရပ်ကွက်၊ လှိုင်သာယာမြို့ |
| ၆၉၁ | Thu Htut Kaung Trading Company | အမှတ် ၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး |
| ၆၉၂ | ထွဋ်မြတ်ကျော် ကုမ္ပဏီ | စိန်ပန်း-ဆင်တိုင်၊ အကွက် ၃၄၀၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး |
| ၆၉၃ | ရွှေမြင့်ဘရားသားအဆင့်မြင့်အချိုခြောက် | မန်ငံရွာ၊ ကွမ်ဟယ်ကျေးရွာ၊ နမ့်ဆန်မြို့၊ ကျောက်မဲခရိုင် |
| ၆၉၄ | ဦးဘသိန်း (ခ) ဦးသန်းနိုင် သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက် | ၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ် |
| ၆၉၅ | စိန်ရတနာ လက်ဖက်လုပ်ငန်း | 4/19၊ ပတ္တမြားလမ်း၊ ကျောက်မဲမြို့ |
| ၆၉၆ | နိုင်တော်ဝင် စိုက်ပျိုးမွေးမြူရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ | အမှတ် ၁၆၀၊ ၇ လွှာ၊ ဘုရင့်နောင်တာ၀ါ၊ ကမာရွတ်မြို့နယ် |
| ၆၉၇ | Century Royal Nagaya Co., Ltd. | 37 A၊ ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ် |
| ၆၉၈ | ဦးမင်းမင်းထွန်း (ပီနံအိတ်ချုပ် လုပ်ငန်း) | ဗိုလ်ချုပ်လမ်း၊ ကွမ်းခြံရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

# စဥ့်ကိုင်မြို့နယ် ပလိပ်အင်းဒေသ၌ ဆောင်းခိုငှက်အများအပြား လာရောက်ကျက်စား

**စဥ့်ကိုင် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပလိပ်အင်း ရေတိမ်ဒေသတွင် ဆောင်းခိုငှက်များ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် ယင်းဆောင်းခိုငှက်များမှာ နိုဝင်ဘာလဆန်းပိုင်းမှစ၍ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ယခုလကုန်ရက်ထဲတွင် ပိုမိုများပြားစွာ ရောက်ရှိလာကြောင်း သိရသည်။

ပလိပ်အင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့၏ အနောက်တောင်ဘက် ၉ မိုင် ၃ ဖာလုံအကွာတွင် တည်ရှိကာ ရေတိမ်ပြီး သဘာ၀အင်းအမျိုးအစားဖြစ်သည်။ ရေတိမ်ဒေသအမျိုးအစား အမျိုးမျိုးရှိရာတွင် ပလိပ်အင်းမှာ ကုန်းတွင်းရေတိမ်ဒေသ(In-land Wetland)နှင့် အင်းအိုင် (Pond) အမျိုးအစားဖြစ်သည်။ အင်းအရှည် ၂ ဒသမ ၃ ကီလိုမီတာနှင့် အကျယ် ၂ ဒသမ ၁ ကီလိုမီတာရှိပြီး မိုးရာသီတွင် အင်းရေပြင်သည် ၃၂၇ ဒသမ ၇၆ ဟက်တာကျယ်၍ နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာသာ ကျယ်သည်။

ရေ၀တီ မြစ်လက်တက်တစ်ခုဖြစ်သော မြစ်ငယ်မြစ်မှ အင်းအတွင်းသို့ ရေဝင်ရေထွက်ရှိပြီး အင်းအတွင်း၌ ကြာလင်ပန်း(Nymphoides)များ ပေါများစွာ ပေါက်ရောက်သည်။ အခြားအပင်များအနေဖြင့် ရေမှော် (Blyxa)၊ ကနဖော့(Jussiaea)၊ ဟင်းချန် (Bottia Cordata)နှင့် ရေကန်စွန်း(Ipomaea)တို့လည်း ပေါက်သည်။



ပလိပ်အင်းသို့ ရောက်ရှိလာသော ဆောင်းခိုငှက်များ။

သက်ရှိများအနေဖြင့် ပလိပ်အင်းအတွင်း ရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြား ငှက်မျိုးစိတ် ခုနစ်မျိုးနှင့် ငါးမျိုးစိတ် ရှစ်မျိုး ကျက်စားကြောင်း မှတ်တမ်းပြုထားသည်။ ကွင်းဆင်းလေ့လာမှု မှတ်တမ်းများအရ ရေငှက်မျိုးစိတ် ၃၀၊ ရာသီအလိုက် ပြောင်းရွှေ့ ကျက်စားသည့် ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသမျိုးရင်း ငှက်မျိုးစိတ် ၁၉ မျိုး ကျက်စားကြောင်း သိရသည်။

ယခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် အဦးဆုံး ဆောင်းခိုရန် ရောက်ရှိလာသော ငှက်များဖြစ်ကြသည့် တောင်န်းရိုင်း(Greylag goose)၊ ခရုတုတ် (Asian openbill)၊ ဟင်္သာ၊ ဥပန်းငှက် (Oriental darter)နှင့်အတူ အခြားရှားပါး ငှက်မျိုးစိတ်များ ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိကာလတွင် ပလိပ်အင်းအတွင်း ဆောင်းခိုငှက်များ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ငှက်များကို ချစ်မြတ်နိုးသည့် ဓာတ်ပုံဆရာများက အင်းအတွင်း ငှက်အလှဓာတ်ပုံများ နေ့စဉ်ရိုက်ကူးလျက်ရှိသည်။ ရိုက်ကူးရာတွင် ငှက်များကို အနှောင့်အယှက်မဖြစ်စေဘဲ သဘာ၀အတိုင်း နေထိုင်ကျက်စားမှုကို အထူးဂရုပြု ရိုက်ကူးရကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ငှက်ချစ်မြတ်နိုးသူများ၊ ဓာတ်ပုံဆရာများအနေဖြင့် ဆောင်းခိုငှက်များကို မှတ်တမ်းဓာတ်ပုံ လာရောက်ရိုက်ကူးနိုင်ပြီဖြစ်ကြောင်း ပလိပ်မှ ဆောင်းခိုငှက်များကို အလှဓာတ်ပုံရိုက်ကူးသည့် ဒေသခံငှက်ချစ်သူတစ်ဦးက ပြောသည်။

**တိမ်တမန်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆု ရရှိသည့် အိအိမော်(ယဉ်ကျေးမှု) ရေးသားသော "ပြတိုက်ကပြောသော တိုင်းရင်းသားယဉ်ကျေးမှု"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ယဉ်ကျေးမှုပြတိုက် အကြောင်းကို အခြေခံ၍ ရေးသားထားသည်။ ပြတိုက်သမိုင်းကြောင်းနှင့် ပြတိုက်ရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် လူမှုဘဝပုံစံများ၊ ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့် ကချင်ပြည်နယ်တွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသား မျိုးနွယ်စုဝင်များထဲမှ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခမ်းတီး တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာစာပေ၊ ဓလေ့ထုံးစံ၊ ရိုးရာပွဲတော်များ အကြောင်းကို ကျမ်းအကိုးအကားများဖြင့် ဗဟုသုတဖြစ်ဖွယ် ဖော်ညွှန်းရေးဖွဲ့ထားပါသည်။ ကချင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးအတွက် ထိရောက်စွာ အထောက်အကူပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




နိုဝင်ဘာလ ၂၈ ရက် စနေနေ့တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဝေဒဗ္ဗမန္တန် တတ်မြောက်သည့် ပုဏ္ဏားသည် တပည့်ဘုရားလောင်း၏ စကားကို နားမထောင်သောကြောင့် အသက်ဆုံးရှုံးသွားရပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းဝင်းမြင့်အောင်၏ "ဝေဒဗ္ဗမန္တန်"မျက်နှာဖုံးကာတွန်း၊ တန်ဆောင်မုန်းလတွင် ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာပွဲတော်အကြောင်းကို ရေးဖွဲ့ထားသည့် "တန်ဆောင်မုန်းလနှင့် ရိုးရာပွဲတော်များ" သုတဆောင်းပါး၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်တိုးပွားနေသဖြင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို ပေါ့လျော့မသွားဘဲ ဆက်လက်လိုက်နာသွားရန် လိုအပ်ကြောင်းရေးဖွဲ့ထားသည့် "ကိုဗစ်-၁၉ ကာကွယ်ရေးကို ဆက်လက်လုပ်ဆောင်ကြမည်" သုတဆောင်းပါး၊ ကလေးတို့အတွက် ဉာဏ်ရည်ထက်မြက်စေပြီး ပြဿနာများကို မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်ရန် အတွက် အထောက်အကူပြုသော ရုပ်ပုံများနှင့် တင်ဆက်ထားသည့် "ဘယ်သူမျက်စိပိုလျင်သလဲ"ဉာဏ်စမ်းကဏ္ဍ၊ ကြွက်ကလေး ကြောင်ကြီးကို လှည့်စားထားသည့် အကြောင်းကိုဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "လှည့်စား" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်များသည် လူများကို အကူအညီပေးတတ်ပြီး ချစ်စရာကောင်းသည့်အကြောင်းကို ရေးဖွဲ့ထားသည့် "ပူစီလေးကို ချစ်တယ်"ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ"ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာ ဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၁၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၉၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၂၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၈၅ ကျပ် | ၅၆၅/၅၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၅ ကျပ် | ၅၈၅/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၅ ကျပ် | ၅၇၀/၅၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၅ ကျပ် | ၇၀၀/၇၂၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၁၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၆၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၇၈ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၅၄ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၆၅ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၉ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၇ . ၇၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၈ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၁ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ . ၂၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၇၇၉ | ၇၇၁၂၁၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၈၈၈၄ | ၃၂၈၉၉၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၀ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉၀ | ၁၉၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| EFR | ၃၉၀၀ | ၃၉၀၀ | ၄၁ | ၁၅၉၉၀၀ |

ခင်ရတနာ - စုစည်းသည်

# တောင်ငူ ၇၄၂ နှစ်၊ ကေတုမတီ ၅၁၀

**သောင်းကေတု**

တောင်ငူသည် မြန်မာ့ရာဇဝင်၌ ထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။ ပုဂံဧကရာဇ်နိုင်ငံ ပြိုကွဲပြီးနောက် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ပဲခူး၊ မုတ္တမ စသည်ဖြင့် မြို့ပြနိုင်ငံငယ်များ ပေါ်ထွန်းလာသည်။ ပုဂံပြည့်ရှင် နရသီဟပတေ့မင်း လက်ထက်တွင် တောင်ငူမြို့ကို သဝန်ကြီးမင်း (သဝန်ညီနောင်)က ပဲခူးရိုးမအနီးတွင် စတင်တည်ထောင်သည်။ နောင်နှစ်ပေါင်း ၂၀၀ ကျော်သောအခါ တောင်ငူမင်းများ တန်ခိုးဩဇာကြီးမားကာ မြန်မာတစ်နိုင်ငံလုံးကို စည်းရုံး၍ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသည်။

**တောင်ငူအစ သဝန်ညီနောင်က**

သက္ကရာဇ် ၅၅၃ ခုနှစ်တွင် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်စဉ် မြတ်စောညီနောင်၊ ရှင်ပင်ကျောက်ဆောက်နှင့် ကမ်းနီ မြသိတင်ဘုရားတို့ကို ပြုပြင်ခဲ့သည်။ ထို စေတီပုထိုးများကို စောင့်ရှောက်ရန်အတွက် သမက်တော် ရန်မန်ငထွေး(အနန္တသူရိယ)ကို ဆွာချောင်းရှိ ကမ်းပါးမြင့်ရွာကို ပေးအပ်ခဲ့သည်။ ရန်မန်ငထွေး၏သား မင်းလှစော၊ မင်းလှစော၏သား သဝန်လကျ်ာ လက်ထက်တွင် ကမ်းပါးမြင့်ရွာသည် လူဦးရေများပြား စည်ကားလာသဖြင့် ကြခတ်ဝရုံမြို့အသစ် တည်ထောင်ကာ ပြောင်းရွှေ့သည်။ ကြခတ်ဝရုံမြို့အကြောင်းကို ကြားသိသော မွန်မင်းက လာရောက်တိုက်ခိုက်သိမ်းယူပြီး သဝန်လကျ်ာမိသားစုကို ဖမ်းဆီးခေါ်ဆောင်သွားကာ ပျူရွာတွင် အကျယ်ချုပ်ထားခဲ့သည်။ ယင်းပျူရွာမှာ ယခု ဖြူးမြို့နယ်တွင်ရှိသည်ဟု တောင်ငူသမိုင်းတွင် ဆိုသည်။

တစ်နေ့တွင် သဝန်လကျ်ာသည် သားတော် သဝန်ညီနောင်နှစ်ဦးတို့အားခေါ်၍ "ဤအရပ်သည် ငါတို့ရပ်ရွာမဟုတ်၊ လွတ်သာလျှင် ပေါင်းလောင်းမြစ်ကို ဆန်တက်၍ လက်ဝဲဘက်ကချောင်းထဲတွင် ငါတို့မြို့ဟောင်းရာ တောင်ပူစာ တောင်အငူငယ်တစ်ခုရှိသည်။ ထိုနေရာတွင် မြို့ရွာတည်၍နေကြ"ဟု မှာခဲ့သည်။ ဖခင်ကွယ်လွန်လျှင် ပျူရွာမှ ပေါင်းလောင်းမြစ်ကိုဆန်ကာ ထွက်ပြေးကြသည်။ ခပေါင်းချောင်းကို တွေ့လျှင် အဖမှာခဲ့သော ဆွာချောင်းအမှတ်ဖြင့် ဝင်ခဲ့ကြသည်။ ပဲခူးရိုးမအနီးသို့ရောက်မှ တောင်ပူစာအငူကို တွေ့ရသဖြင့် "တောင်ငူ"ဟု သမုတ်ကာ မြို့တည်ကြသည်။ အေဒီ ၁၂၈၇ ကောဇာ သက္ကရာဇ် ၆၄၀ တွင် တည်သည်။ တောင်ငူသမိုင်းတွင် ကြခတ်ဝရုံကို လာရောက်တိုက်ခိုက်သောမင်းမှာ ဝါရီရူမင်းဟု ဆိုသော်လည်း ဝါရီရူမုတ္တမကိုရသည်မှာ သက္ကရာဇ် ၆၄၃ ခုဖြစ်နေ၍ တောင်ငူမြို့ကိုတည်သောနှစ်ထက် နောက်ကျနေသဖြင့် ဝါရီရူ မဖြစ်နိုင်ပါ။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၄၂/၆)မှ လက်ဝဲဘက် (အနောက်ဘက်) တစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် တောင်ကုန်းငယ်ပေါ်တွင် ဘုရားစေတီပုထိုးများကို မြင်နိုင်သည်။ ထိုနေရာသည်ကား ပထမဆုံးတည်သော "တောင်ငူမြို့" ဖြစ်ပေသည်။ တောင်ငူတော၊ တောင်ငူငယ်ဟု ယခုအခါ ခေါ်သည်။ ယခုနှစ် ၁၃၈၂ ခုနှစ်တွင် မြို့သက်တမ်း ၇၄၂ နှစ် ရှိပါပြီ။

မြင်စိုင်း ၆၆၆၊ ပင်းယ ၆၇၄၊ စစ်ကိုင်း ၆၇၅၊ အင်းဝ ၇၂၆ မြို့များထက် ပိုစောသည်။ တစ်နှစ်နေပြီးနောက် တောင်ငူငယ်သည် နေရာ အကွက်အကွင်းမကျ၊ ကျဉ်းမြောင်းသဖြင့် ခပေါင်းချောင်း မြောက်ဘက်ကမ်း မင်းဝံတောင်ကုန်းပေါ်သို့ ပြောင်းရွှေ့ကာ မြို့သစ်တည်သည်။ "ဧညဝတီ"တောင်ငူမြို့ဟု သမုတ်ပြီး ယခုအခါ "တောင်ငူကြီး"ဟု ခေါ်သည်။ အေဒီ ၁၂၇၉(ကောဇာသက္ကရာဇ် ၆၄၁) ခုနှစ်တွင် တည်သော တောင်ငူကြီးတွင် သဝန်ကြီးမှစကာ (၂၈)ဆက်မြောက် မင်းစည်သူအထိ စိုးစံခဲ့ပြီး မြို့သက် ၂၀၆ နှစ် ကြာခဲ့သည်။

(၂၉)ဆက်မြောက် နန်းတက်လာသော မင်းကြီးညို (၈၄၇-၈၉၂)သည် တောင်ငူကြီးမြောက်ဘက် တာ ၅၀၀ အကွာ ပုတ်ပဲချောင်းကမ်းတွင် "မြဝတီ"အမည်ဖြင့် ယာယီနန်းစံသည်။ မြောက်ဘက် ရေလွှဲ(၅)ခရိုင်၊ တောင်ဘက် ကြောင်ပြာ၊ ကျောက်မော်အထိ တိုက်ခိုက်သိမ်းယူခဲ့သည်။ ကောဇာ ၈၅၃ ခုနှစ်တွင် ပေါင်းလောင်းမြစ်နှင့် ခပေါင်းချောင်းဆုံအရပ်တွင် ဒွါရာဝတီမြို့သစ်တည်၍ ပြောင်းရွှေ့သည်။

**"ဗိုလ်လူဆင်မြင်း၊ ပြည်လုံးနှင်းမှ၊ သစ်ရင်းဌာန၊ ရပ်ဒေသတွင်၊ ဒီပစည်ပင်၊ ဖြစ်အံ့မြင်၍၊ ကရင်ခနေ့၊ ရွာစုတိုင်းကား၊ ပေါင်းလောင်းနားထက်၊ ရံတားပတ်ကုံး၊ ရွှေလက်ရုံးနှင့် ရန်လုံးနှံ့အောင်၊ ရှင့်ဘထောင်သော်၊ မြောက်တောင်ကြေညာ၊ မှီခိုရာဖြင့်၊ ဒွါရာဝတီ၊ ခေါ်ညီရွှေပြည်၊ တွင်မည်ရှစ်ရပ်၊ တံဆိပ်တပ်"။ (မင်းတရားရွှေထီးချေင်း)**

**ကေတုမတီ ၅၁၀**

မင်းကြီးညိုသည် ဒွါရာဝတီမြို့တော်တွင် စံနေစဉ် ရေလွှဲ(၅)ခရိုင်၊ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ မကွေး၊ ရေနံချောင်း ဒေသများသို့ စစ်တံခွန်လွှင့်ပြီး လူသူဆင်မြင်း စုဆောင်းသည်။ အနှစ် ၂၀ ခန့်ကြာသောအခါ ဒွါရာဝတီမြို့နှင့်မဆံ့အောင် အင်အားကြီးထွားလာသဖြင့် ကောဇာသက္ကရာဇ် ၈၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (အေဒီ ၁၅၁၀)တွင် ကေတုမတီ မြို့တော်သစ်ကို တည်ထောင်သည်။

အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀၊ ရေကျုံး နံ့ကျုံး နှစ်ထပ်၊ မြို့ထောင့်စေတီ လေးဆူ၊ မြို့တံခါး ၂၀၊ သိမ် ၂၀ နှင့် ကြာအင်း(ကန်တော်ကြီး)ကို မြို့အတွင်းသို့ ထည့်ကာ တည်သည်။ ဇမ္ဗူဒိပ်ကျွန်းတွင် မှန်ကင်းတံခွန်ထူသောမြို့ဟု အဓိပ္ပာယ်ရသော "ကေတုမတီ"ဟု ဘွဲ့အမည်ပေးသည်။ အနာဂတဝံကျမ်းတွင် နောင်ပွင့်တော်မူမည့် အရိမေတ္တယျမြတ်စွာဘုရား ဖွားတော်မူရာမြို့မှာ ကေတုမတီပင်ဖြစ်သည်။ ထိုအကြောင်းကို-

**"ဆွာနှင့်ခရိုင်၊ ရစ်ဆိုင်ခပေါင်း၊ ပေါင်းလောင်းသီတာ၊ လေးဖြာပေါင်းကြ၊ ဘုမ္မနက်သန်၊ မြေကြန်သင့်မော၊ မင်းဝံကြောထက်၊ မုနောဆက်ရှည်၊ စည်းစိမ်တည်လျက်၊ ခေါ်မည်သာမှူ ကေတုမတီ၊ သိင်္ဂီရတနာ၊ နန်းတည်ရာကား၊ နောင်လာနာဂတ်၊ လူနတ်ခမည်း၊ မိတည်းဖြစ်မည်၊ ရပ်ကြီးပြည်၌ အောင်စည်ခတ်တီး၊ လက်ရုံးဆီးက"ဟု ဖွဲ့ဆိုသည်။ (မဟာဥပရာဇာချေင်း၊ တလုပ်မြို့စားသံ်ယာ)**

မင်းကြီးညို နန်းတက်စက တောင်ငူသည် အင်းဝ၏ လက်အောက်ခံ မြို့စားအဆင့်သာ ရှိခဲ့သည်။ လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသော မင်းကြီးညိုသည် တဖြည်းဖြည်း ကျဆင်းလာသော အင်းဝ၏အားနည်းမှုကို အခွင့်ကောင်းယူကာ နယ်မြေချဲ့ထွင်ခြင်း၊ လူသူဆင်မြင်း စုဆောင်းကာ ကေတုမတီမြို့သစ် နန်းသစ်တည်ခြင်းဖြင့် အင်းဝ လက်အောက်မှ ရုန်းထွက်ပြီး တောင်ငူမင်းဆက်ကို တည်ထောင်ခဲ့သည်။ ဒုတိယမြန်မာနိုင်ငံတော်၏ အုတ်မြစ်ကို အခိုင်အမာ ချခဲ့သောကြောင့် သားတော် တပင်ရွှေထီးနှင့် သမက်တော် ဘုရင့်နောင်တို့လက်ထက်တွင် မြန်မာတစ်နိုင်ငံလုံးကို စည်းရုံးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကေတုမတီမြို့တော်၏ ထူးခြားချက်မှာ မြို့တံခါးပေါက် ၂၀ ၏ ကျုံးအပြင်ဘက်တွင် သိမ်တစ်ဆောင်စီ တည်ဆောက်ထားခြင်းဖြစ်သည်။ ယခုအထိ မြို့တောင်ဘက်တွင် မဟာပရက္ကမသိမ်(ကြာနီကန်ကျောင်းအတွင်း)၊ သိမ်တော်လှသိမ်(ငွေလုံ့ရပ်)၊ ဒိုင်းပွဲသိမ်၊ ရွှေကြက်ယက်သိမ်၊ အနောက်ဘက်တွင် ကာမသိမ်(ရွှေဟသံာဘုရား)၊ မြောက်ဘက်တွင် စကားသိမ်၊ ဂူကြီးသိမ် (ရွှေဂူကြီးဘုရား) ကျောင်းတော်ကြီးသိမ်( သိမ်တော်လှကျောင်း)တို့ ကျန်ရှိနေသေးသည်။

**နန်းတော်ရာ**

ကေတုမတီ နန်းတော်ရာသည် အထက(၂) အနီးတစ်ဝိုက်တွင် တည်ရှိသည်။ နန်းတော်ပတ်လည် ကျုံးရာများကို ၁၉၄၄ ခုနှစ် ကောင်းကင်ဓာတ်ပုံတွင် ထင်ရှားစွာ တွေ့ရသည်။ ယခုမူ ပျောက်ကွယ်သွားပါပြီ။ ရွှေဆံတော်ဘုရားသမိုင်းတွင် မန်းရပ်မှာ မင်းရပ်မှ ရွေ့လျောလာခြင်းဖြစ်ပြီး မူလ နန်းတော်နေရာဟု ရေးထားသော်လည်း မြို့အလယ်ခေါင်မကျဘဲ တောင်ဘက်သို့ နီးကပ်စွာ တည်ရှိခြင်း၊ ကျုံးရာ နန်းတော်ရာ မတွေ့ရှိခြင်းကြောင့် မဖြစ်နိုင်၊ ထင်မြင်ယူဆချက်သာ ဖြစ်နိုင်ပါသည်။

၂၀၁၆ ခုနှစ်က အထက(၂)မူလတန်းကျောင်းဝိုင်းတွင် KG ဆောင်ဆောက်ရန် လိုင်းကျင်းတူးစဉ် အလျား ၁၈ လက်မ၊ ဖြက် ၉ လက်မ၊ ထု ၃ လက်မရှိသော အုတ်များဖြင့် စီထားသော အုတ်ခုံကြီးတစ်ခု ပေါ်လာသည်။ ဖြိုဖျက်ပြီးမှ သိလိုက်ရသဖြင့် တားမြစ်သော်လည်း မရခဲ့ပါ။ နန်းတော်အဆောင်တစ်ခုခုမှ အုတ်ခုံဖြစ်နိုင်ပါသည်။

သက္ကရာဇ် ၉၈၂ ခုနှစ်တွင် မင်းကြီးညို နတ်ရွာစံသောအခါ သားတော် တပင်ရွှေထီး နန်းတက်သည်။ ၈၉၄ ခုနှစ်တွင် ရွှေမော်ဓောဘုရားသို့ ချီတက်၍ နားထွင်းမင်္ဂလာဆင်ယင်သည်။ သက္ကရာဇ် ၈၉၉ ခုနှစ်တွင် ဟံသာဝတီကို သိမ်းယူသည်။ နောင်ရိုးတိုက်ပွဲအပြီးတွင် ယောက်ဖတော် ကျော်ထင်နော်ရထာအား "ဘုရင့်နောင်တော်"ဘွဲ့ ချီးမြှင့်သည်။ သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် မင်းတရားရွှေထီးသည် ကေတုမတီမှ ဟံသာဝတီသို့ ပြောင်းရွှေ့ ထီးနန်းစိုက်ထူသည်။ ကေတုမတီ တောင်ငူမြို့ကို ဖခင်ကဲ့သို့ ချစ်မြတ်နိုးတော်မူသော အထိန်းတော် မင်းကြီးဆွေ(ဘုရင့်နောင်၏ခမည်းတော်)ကို ဘုရင်ခံ မင်းပြုစေသည်။ ဘွဲ့အမည်မှာ မင်းရဲသိခ်ၤသူ နောင်တွင် မင်းရဲသီဟသူဟု ခေါ်သည်။ အထိန်းတော် ကြက်ရိုးပင်ရွာစား၏သား ရှင်နီတာကို သတိုးဓမ္မရာဇာဘွဲ့နှင့် ပြည်မြို့ကို ပေးသည်။

ဘုရင့်နောင်၏ ခမည်းတော် မင်းရဲသိခ်ၤသူသည် သက္ကရာဇ် ၉၀၇ ခုနှစ်တွင် မြစည်းခုံစေတီတော်ကို တည်သည်။ သက္ကရာဇ် ၉၁၀ တွင် မင်းရဲသိခ်ၤသူ ကွယ်လွန်သောအခါ သားတော် သီဟသူ(ဘုရင့်နောင်၏ညီတော်)ကို တောင်ငူမြို့ကို ဆက်ခံစေသည်။

မင်းတရားရွှေထီးသည် ပေါ်တူဂီလူမျိုးတစ်ဦးနှင့် အပေါင်းအသင်းမှား၍ အရက်သေစာစွဲလမ်းကာ တိုင်းရေးပြည်မှုကို လျစ်လျူရှုလာသည်။ အုပ်ချုပ်ရေးတာဝန်များကို ဘုရင့်နောင်ကိုသာ လွှဲအပ်စီမံစေသည်။ သက္ကရာဇ် ၉၁၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်တွင် စစ်တောင်းစားသမိန်စောထွတ်၏ညီ လက်ဝဲခေးမှူးက လုပ်ကြံ၍ နတ်ရွာစံသည်။

ဟံသာဝတီတွင် မြို့စောင့်ထားခဲ့သော တောင်ငူစားသီဟသူသည် တောင်ငူသို့ပြန်ကာ မင်းခေါင်ဘွဲ့ခံယူပြီး သီးခြားမင်းပြုသည်။ ဒလတွင် စစ်ချီနေသော ဘုရင့်နောင်လည်း ထိုအကြောင်းကိုသိလျှင် ဟံသာဝတီကိုမတိုက်ဘဲ တောင်ငူသို့ ဦးစွာ ချီတက်သည်။ ရွာသစ်အကြီးအရှေ့ လွင်လဟာတွင် တပ်ချ၍ "ဇေယျဝတီ"ဟု သမုတ်ကာ ဗိုလ်ဝင်ခံသည်။ ၉၁၂ ခုနှစ် တပို့တွဲလအတွင်း မင်းခေါင်လက်နက်ချ အညံ့ခံ၍ ကေတုမတီကို ရသည်။ ယာယီတဲနန်းဆောက်ကာ ဘုရင့်နောင် ထီးနန်းတက်သည်။ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် ပြည်ကိုသိမ်းယူသည်။ ၉၁၄ ခုနှစ်တွင် ဟံသာဝတီကိုသိမ်း၍ ဟံသာဝတီသို့ ပြောင်းရွှေ့နန်းစိုက်သည်။ တောင်ငူကို ညီတော်မင်းခေါင်၊ ပြည်ကို ညီတော် သတိုးဓမ္မရာဇာကို ပေးတော်မူသည်။

သက္ကရာဇ် ၉၃၂ ခုနှစ်တွင် ရွှေဆံတော်ဘုရားကို တည်သည်။ သီဟိုကျွန်း ဓမ္မပါလမင်း ဆက်သသော ဗုဒ္ဓဆံတော် ရှစ်ဆူမှ လေးဆူကို ဘုရင့်နောင်က ညီတော်လေးပါးအား တစ်ဆူစီပေးသနားသည့် ဆံတော်ကို ဌာပနာ၍ တည်ထားသော စေတီဖြစ်သည်။ ၉၄၆ ခုနှစ်တွင် တောင်ငူဘုရင်မင်းခေါင် နတ်ရွာစံ၍ သားတော် မင်းရဲသီဟသူ(ရွှေနန်းတည်မင်း) ထီးနန်းဆက်ခံသည်။ သက္ကရာဇ် ၉၆၀ တွင် တောင်ငူဘုရင်သည် ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် ပူးပေါင်း၍ ဟံသာဝတီကို တိုက်သည်။ ဟံသာဝတီ နန္ဒဘုရင်သည်

*စာမျက်နှာ ၂၁ သို့*



လေးကျွန်းကန်တော်ကြီး နှင့် ကျုံးများ



အရှေ့ဘက်ကျုံးနှင့် မင်းကြီးညိုရုပ်တု

